# ယနေ့မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုင်းပါဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၇)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၁၈–၈–၂၀၂၄၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



### မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ဘုရားဖူးလာ အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအဖွဲ့သည် နေပြည်တော်ပျဉ်းမနားမြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည့် ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ရှိန်မြှင့်တင်ရေးစာပေဟောပြောပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံတို့က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြည်သူများသို့ စာပေအသိပညာနှင့် သတင်းမှန်များကို သိရှိရန် အသိပညာပေး မြှင့်တင်ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ကြရန် နိုင်ငံတော်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေး စာပေများရေးသားနိုင်ရေး ဆောင်ရွက်ကြရန် ဟောပြောဆွေးနွေးခဲ့ကြသည်။


သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိ သော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း မြောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-




အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ


## ယနေ့ ဖတ်စရာအညွှန်း

ဝါခေါင်လရာသီ ပန်းခတ္တာနှင့်ကျန်းမာရေးအကြောင်း သိကောင်းစရာ

စာမျက်နှာ ၆

အစားအစာများထဲမှ မထင်မှတ်သော အဆိပ်တော်များ ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်လာပြီး ဘေးဖြစ်စေနိုင်

စာမျက်နှာ ၇

မန္တလေးကျုံးရေပြင်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် (၄)သန်းခန့် ပြည့်သွင်းနိုင်ရန် စက်ရေတွင်းသစ်များ တူးဖော်

စာမျက်နှာ ၁၀

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၈ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

## ကျောင်းကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ကျောင်းအခြေပြု ကျောင်းကျန်းမာရေးမြှင့်တင်ခြင်း လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။

ကျောင်းသားလူငယ်များကို ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပေးသကဲ့သို့ ကျောင်းသားလူငယ်တစ်ရပ်လုံးတွင် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ (Healthy Lifestyles)အလေ့အထများစွဲမြဲစေရန်နှင့်ကျန်းမာရေး အဆင့်အတန်းမြင့်မားတိုးတက်လာစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်း၍ နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဩဂုတ် ၁၆ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဗဟိုအဆင့် အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျောင်းကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျန်းမာရေး အသိပညာပေးအထောက်အကူပစ္စည်းများ ထုတ်လုပ်ပံ့ပိုးပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာမူလတန်းကျောင်းသားများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို အထွေထွေကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၈၅ရာခိုင်နှုန်းကိုလည်း ကျောင်းအခြေပြု ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသူ၊ ကျောင်းသားများ၏ ၉၅ ရာခိုင်နှုန်းကျော်အား သန်ချဆေးတိုက်ကျွေးခြင်းနှင့် အထက်တန်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်းကို အခြေခံပညာဦးစီးဌာန၊ သက်ဆိုင်ရာကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "ဗလငါးတန်ဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး အလေးပေး"ဆိုသည့်အတိုင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် အဓိကလူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအတွက် ကျောင်းကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး အခြားဆက်စပ်ဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၆) တန်းသွားကူဘိုတာ ကောက်စိုက်စက်ဖြင့် မိုးစပါးကောက်စိုက်ခြင်း သရုပ်ပြ



**ကျောက်ပန်းတောင်း ဩဂုတ် ၁၇**

မန္တလေတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်စေရေး၊ လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းပေးနိုင်စေရေးတို့အပြင် အချိန်တိုအတွင်း စိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျောက်ပန်းတောင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ (၆)တန်းသွား ကူဘိုတာကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက သရက်တောကျေးရွာအုပ်စု၊ သရက်တော စိုက်ပျိုးရေးခြံတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ စပါးစိုက်တောင်သူများ တက်ရောက်ကြရာ၊ စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၈၂) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သူက (၆)တန်းသွား ကူဘိုတာ ကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်း လယ်မျက်နှာပြင်ညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာ အနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့် ကောက်ပင်အတိမ်အနက်လိုအပ်သလို ချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးနိုင်ခြင်း၊ ကောက်ပင်လျင်မြန်ခြင်းနှင့် ပင်ပွားအရေအတွက်များများရရှိခြင်း၊ တစ်ဧက ကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်၍ အချိန်အခါမီ စိုက်ပျိုးနိုင်ခြင်း စသည့် စက်ပိုင်းဆိုင်ရာစွမ်းဆောင်နိုင်မှုနှင့် အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ယနေ့ သရုပ်ပြပွဲတွင် အဆိုပါ ကောက်စိုက်စက်ဖြင့် ဆင်းသုခစပါးမျိုး(၅)ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရပြီး၊ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်၊ အတွင်းရေးမှူး ရဲမှူးစိုးစိုးနှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ စပါးစိုက်တောင်သူများ စုစုပေါင်း(၄၅)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၆)

၀-၀-၀-၀-၀



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၁၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေးအပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ယနေ့ နံနက် ၇ နာရီမှစတင်ကာ ဘုရားနီဘုရားမှ ငှက်ပစ်တောင်ဘုရားလမ်းဘေးဝဲ၊ ယာတစ်လျှောက်ပလတ်စတစ်အမှိုက်များ ဖော့ဘူးခွံများ ကောက် ယူသန့်ရှင်းရေးပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများသည် ညောင်ဦးမြို့ ဘုရားနီဘုရားလမ်းဆုံမှ ငှက်ပစ်တောင်ဘုရားသွားရာလမ်းဘေးဝဲ၊ ယာတစ်လျှောက်ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများကောက်ယူရှင်းလင်းခြင်းအား ပလတ်စတစ်အမှိုက်ကင်းစင်ရေး စနေနေ့တိုင်း လှုပ်ရှားကောက်ယူဆောင် ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## ကြက်ခြေနီအကြောင်း သိကောင်းစရာ အသိပညာပေး(Talk Show)ကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

မဟာအောင်မြေမြို့နယ် (Community Centre) ခန်းမ၌ ကြက်ခြေနီအကြောင်းသိကောင်းစရာ အသိပညာပေး(Talk Show)ကို ဩဂုတ် ၁၆ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကြက်ခြေနီအကြောင်းနှင့် ပတ်သက်၍ မေးမြန်းရာ မဟာအောင်မြေမြို့နယ် ကြက်ခြေနီသူနာပြုအဖွဲ့ (တပ်ဖွဲ့မှူး) ဦးသန့်ဇင်ဦးက ဆင်းရဲဒုက္ခခံစားနေရသူတွေ အကူအညီလတ်တလောလိုအပ်နေသူတွေကို ခွဲခြားခြင်းမရှိဘဲနဲ့ ကြားနေပြီးတော့ လူသားချင်းစာနာပြီးတော့ လိုအပ်တဲ့ အထောက်အကူတွေကို ပေးတဲ့အဖွဲ့ကို ကြက်ခြေနီအဖွဲ့ဟု ခေါ်ဆိုကြောင်း၊ ကြက်ခြေနီဆိုတာ သဘာဝဘေးတွေကြုံလာတဲ့အခါ ချမှတ်ထားတဲ့ အခြေခံမူတွေက စည်းမျဉ်းစည်းကမ်းချက်တွေကို ဥပဒေနဲ့အညီ၊ နိုင်ငံတကာ ကြက်ခြေနီစံချိန်စံညွှန်းတွေနဲ့အညီ လူမှုကူညီရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှေးဦးပြုစုခြင်း၊ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းတွေ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းတွေကို ကူညီအားပေးမှုလုပ်ငန်းတွေ၊ သွေးသန့်စုဆောင်းခြင်းလုပ်ငန်းတွေ စသည့်လုပ်ငန်းများကို လုပ်ဆောင်ကြောင်း ပြောကြားခဲ့သည်။

(၀၅၆)

၀-၀-၀-၀-၀

သတင်းများ Onlineမှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကိုသာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး ခေါင်းဆောင် စောထွန်းအောင်မြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် စောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည် (၉) ချက်တီးကာ ကရင်လူငယ်များက ကျဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် စောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကိုဆက်လက်ပြုလုပ်ရာ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းလူငယ်များက ချည်ဖြူဖွဲ့ပစ္စည်းများ သယ်ဆောင်ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွားများအား စနစ်တကျ ဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များအား ဘိုးဘွားများက ကရင်ရိုးရာ ချည်ဖြူဖွဲ့ပေးကြသည်။ (ဝဲပုံ)

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် စောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံ-တရုတ် ရက်သတ္တပတ် - ၂၀၂၄ နှင့် ဆက်စပ်လေ့လာရေးခရီးစဉ်များ ပါဝင်တက်ရောက်

နေပြည်တော် ဩဂုတ် ၁၇

အာဆီယံ-တရုတ်စင်တာနှင့် ရှန်းရှီးပြည်နယ် အစိုးရတို့ ပူးပေါင်းကျင်းပသည့် အာဆီယံ-တရုတ်ရက်သတ္တပတ်-၂၀၂၄ နှင့်ဆက်စပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ်အတွင်းရှိ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် စီးပွားရေးလုပ်ငန်းများ လေ့လာရေးခရီးစဉ်ကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ ဆက်လက်ပြုလုပ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ဩဂုတ် ၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ချန်းကျီးမြို့နယ်တွင် ၂၀၁၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် တုန်းတီအန်းရှာ (Tongtianxia) သဘာဝအလှရှုခင်းနေရာသို့ သွားရောက်၍ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် တောင်ခြေမြစ်ကမ်းဘေးလမ်းလျှောက်ခြင်း၊ ရေတံခွန်နှင့် မြစ်အတွင်းလှေစီးခြင်း၊ ကေဘယ်လ်ကားဖြင့် တောင်တက်ခြင်း၊ မှန်လျှောက်လမ်းဖြင့် တောင်ခါးပန်းအတိုင်းလမ်းလျှောက်ခြင်းနှင့် တုန်းတီအန်းရှာတောင်တန်းပတ်ဝန်းကျင်သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်သည့် View Point နေရာများ ဖန်တီးပြုလုပ်ထားမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကောင်းကဲဟွာယဲ့အုပ်စု (Gaoke Huaye Group) စက်ရုံမှ LED များ အလိုအလျောက်စနစ်ဖြင့် ပုံစံဒီဇိုင်းမျိုးစုံ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ချိန်ကုန်းကားထုတ်လုပ်သည့်စက်ရုံ (Chenggong Automobile) မှ Victory အမှတ်တံဆိပ်ဖြင့် မော်တော်ကားများ ထုတ်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ ညနေပိုင်းတွင် ချန်းကျီးအမျိုးသားစိမ့်စမ်းမြေဥယျာဉ်တွင် ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်များ စီစဉ်ထားရှိမှုအခြေအနေများကို လည်းကောင်း လေ့လာကြည့်ရှုသည်။

ဩဂုတ် ၁၄ ရက်တွင် ချန်းကျီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ရှန်းရှီးပြည်နယ်၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခုဖြစ်သော ဖျင်ယောင် (Pingyao) ရှေးဟောင်းမြို့ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေမှု၊ မြို့ရိုးတစ်လျှောက်နှင့် ရှေးဟောင်းမြို့အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် သက်ဝင်လှုပ်ရှားမှုရှိသည့် ယဉ်ကျေးမှုများ (living cultures) ဖြင့် ကမ္ဘာ့အမွေအနှစ်တစ်ခုကို ခရီးသွားလုပ်ငန်းအတွက် အဓိကအရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနေမှု၊ တရုတ်နိုင်ငံတွင် ထူးချွန်ထက်မြက်သူများအား ကွန်ဖြူးရှပ်ဘုရားကျောင်းတွင် ရွေးချယ်လေ့ကျင့်သင်ကြားပေးခဲ့မှုများနှင့် ကွန်ဖြူးရှပ် ဘုရားကျောင်းသို့ ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်ထားမှု၊ ၁၉ရာစုနှင့် ၂၀ ရာစု အစောပိုင်းတွင် တရုတ်နိုင်ငံ၏ ဘဏ်နှင့်ငွေကြေးကဏ္ဍ၌ ဖျင်ယောင်းရှေးဟောင်းမြို့မှ ဘဏ်လုပ်ငန်းကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့မှု၊ ဖျင်ယောင်းရှေးဟောင်းမြို့၏ထင်ရှားသော လက်မှုအနုပညာဖြစ်သည့် ယွန်းထည်ပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် ယွန်းထည်ပြတိုက်နှင့် ခင်းကျင်းပြသ ရောင်းချနေမှုများကို လေ့လာခဲ့သည်။



ညနေပိုင်းတွင် ရှန်းရှီးပြည်နယ်၏ သမိုင်းနှင့် ယဉ်ကျေးမှုကို ပိုမိုနားလည်သဘောပေါက်စေနိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရည်ရွယ်ပြသသည့် ယဉ်ကျေးမှုကပြဖျော်ဖြေပွဲသို့ ပါဝင်ကြည့်ရှုသည်။

ဩဂုတ် ၁၅ ရက်တွင် ဖျင်ယောင်းမြို့မှ ထိုက်ရွမ်မြို့သို့ ထွက်ခွာခဲ့ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ချောင် (Qiao) မိသားစုက အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ ချောင်မိသားစုများ၏ လူနေမှုစနစ်နှင့် နေအိမ်များသို့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှု အခြေအနေများကိုလည်းကောင်း၊ ဟုန်းဟိုင်( Honghai) ဖန်လုပ်ငန်းမှ မိရိုးဖလာနည်းစနစ်မှ ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ခေတ်မီလှပစွာ ထုတ်လုပ်နေမှုအဆင့်အဆင့်၊ ဖန်ပစ္စည်းပြခန်း ဖွင့်လှစ်ပြသမှုနှင့် ရောင်းချနေမှုများကို လည်းကောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ သုန်းဟူဗနီဂါဥယျာဉ် (Donghu Venegar Park) မှ ထိုက်ရွမ်ဒေသထွက် ကောက်ပဲသီးနှံများဖြင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော ဗနီဂါ ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် အစားအသောက် ချက်ပြုတ်ခြင်းတို့ကို လေ့လာကြည့်ရှုသည်။

ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိုက်ရွမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေး



# မဟာရွှေသိမ်တော်မြတ်စွာဘုရားအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို၊ ကျောက်ဆည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှု

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ သမိုင်းဝင် မဟာရွှေသိမ်တော်မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောက်ဆည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့ သင်းတောင်းကြီးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေသိမ်တော်စေတီတော်သို့ ရောက်ရှိပြီး စေတီတော်တွင် ကိန်းဝပ်အပူဇော်ခံထားသည့် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မဟာရွှေသိမ်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းခဲ့ပြီး စေတီပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုကာ ဂေါပကအဖွဲ့၏ လိုက်ပါရှင်းလင်းပြသမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်ဒိုင်းကျေးရွာအုပ်စု၊ အင်ဒိုင်းကွင်း၊ ကွင်းအမှတ် (၁၄၉)ရှိ ဧရာပဒေသာမျိုး မိုးစပါးစိုက်ဧက ၂၀၀ တစ်ကွင်းတစ်ဆက်တည်း စိုက်ကွင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံကာ မိုးစပါး၊ နွေစပါးသီးနှံ စိုက်ပျိုးထွက်ရှိမှုပန်းတိုင် ထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းကဏ္ဍများတွင် အားနည်းချက်များ မရှိစေရေး ဟန်ချက်ညီစွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေရရှိရန်၊ သီးနှံများအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန်တို့မှာ အလွန်အရေးကြီးပါကြောင်း၊ မိုးစပါးစိုက်ပျိုးချိန်ဖြစ်၍ စိုက်ပျိုးရေ အခက်အခဲ မရှိစေရေးအတွက် စိုက်ပျိုးရေ လိုအပ်ချိန်တွင် ရေကူဖြည့်တင်းပေးနိုင်ရန် ရေအရင်းအမြစ်မျိုးစုံမှ နည်းလမ်းမျိုးစုံဖြင့် စီမံထားပါကြောင်း၊ စိုက်ပျိုးရေများကို အလေအလွင့်မရှိ ထိရောက်စွာ စနစ်တကျသုံးစွဲသွားရန် လိုအပ်ပါကြောင်း။ တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်းပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၏ ဆွေးနွေးတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးစပါးစိုက်ကွင်းအတွင်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ စီးတော်မြင်းဝန်သိမ်ကျောင်းနှင့် ဗန်းမော်သိမ်ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုး အောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မဟာအောင်မြေ မြို့နယ်ရှိ မန္တလေးတက္ကသိုလ် ဝင်းအတွင်းရှိ နှစ်ပေါင်း ၁၆၅ နှစ် ကျော်ရှိပြီဖြစ်သော စီးတော်မြင်းဝန် သိမ်ကျောင်းနှင့် ဗန်းမော်သိမ် ကျောင်းများတွင် စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က သိမ်ကျောင်း များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရှေးမူမပျက်တည်ရှိရေး၊ သိမ် ပရဝဏ်နှင့် တက္ကသိုလ်အတွင်း အစဉ်အမြဲ သန့်ရှင်းသာယာ လှပရေးတို့ကို အလေးထား ဆောင်ရွက်ရန်တာဝန်ရှိသူများအား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီး ကျောင်းများ၊ ဆေးရုံများ၊ အခြေခံ ပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာ လှပရေးတို့အတွက် တိုင်းစစ်ဌာန ချုပ်မှ နယ်မြေခံတပ်မတော်သား များနှင့် မိသားစုဝင်များ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ များက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀







သတင်း-စာမျက်နှာ ၄



## အမရပူရမြို့နယ်၌ Unique ID(biometric) ထုတ်ပေးခြင်းနှင့် ပန်းခင်းစီမံချက် ၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**အမရပူရ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ် များဆောင်ရွက်ရာတွင် ပိုမို လွယ်ကူမြန်ဆန်လာစေရန်၊ မြန်မာ နိုင်ငံအတွင်း နေထိုင်သူများကို စိစစ်နိုင်သည့် တစ်ခုတည်းသော နံပါတ် Unique ID ထုတ်ပေးရန် နှင့် Online စနစ်ဖြင့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရနှင့်ပုဂ္ဂလိက အဖွဲ့အစည်း များအတွက် မည်သူမည်ဝါဖြစ် ကြောင်း စစ်ဆေးနိုင်မည့် အခြေခံ စနစ်တည်ဆောက်ရန်ရည်ရွယ်၍ ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းနှင့် Unique ID(Biometric) ထုတ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မုံတောကျေးရွာအုပ်စုတွင် ဆောင် ရွက်ပေးခဲ့သည်။

အလားတူ အမရပူရမြို့ နယ်၊ ပြည်လုံးကျော်ကျေးရွာ၊ အုပ်ချုပ်ရေးမှူးရုံးတွင် လဝကမှူး ဒေါ်ခင်ခင်စန်း ဦးဆောင်၍ ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့်လည်းကောင်း၊ လဝကမှူး ဒေါ်ဝင်းဝင်းနှင့် တိုက်နယ်မှူး ဒုလဝမှူး ဒေါ်သော်တာလွင် တို့မှ ဦးဆောင်၍ မုန့်တန်းရပ်ကွက်၊ ကွက်သစ်ရပ် အလယ်တန်း ကျောင်းတို့တွင် အသီးသီးကွင်း ဆင်းဆောင်ရွက်ခဲ့ကြရာ နှစ် ကျောင်းပေါင်း ကျား (၁၂၃) ဦး၊ မ(၁၄၃) ဦး စုစုပေါင်း ၂၆၆ ဦးကိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန၊ အမရပူရမြို့ နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံ မှသိရသည်။

**(ယာပုံ)**

**စိုးသီဟ(အမရ)**



# ဝါခေါင်လရာသီ ပန်းခတ္တာနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာ



## ဝါခေါင်လ (ခေါ်) နံကာလ

ဝါခေါင်လသည် မြန်မာပြက္ခဒိန်၏ ပဉ္စမမြောက်လ ဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်း ဖြစ်ပါသည်။ ဗေဒင်အခေါ်အားဖြင့် ဝါခေါင်လကို သိဟ်ရာသီဟု ခေါ်သည်။ ရာသီရုပ်မှာ ခြင်္သေ့ရုပ် ဖြစ်သည်။ ဗျိုင်းတာရာ ထွန်းပသည်။ ကြာသပတေးနှင့် စနေနေ့မှာ ပြဿဒါးနေ့များဖြစ်၍ ဗုဒ္ဓဟူးနှင့် သောကြာနေ့မှာ ရက်ရာဇာများ ဖြစ်ကြသည်။ ထိုရာသီတွင် သရဝဏ်နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ကာ မွန်းတည့်သည်။ ဖုသျှနက္ခတ်နှင့် နေမင်းယှဉ်ပြိုင်သော လ ဖြစ်သည်။ ဝါခေါင်လမှာ ရက်မစုံကွယ်သောလ ဖြစ်သောကြောင့် ရက်ပေါင်း ၂၉ ရက်ရှိသည်။ ဝါခေါင်လတွင် နံနက် စက်နာရီ ၅ နာရီ မိနစ် ၄၀ ၌ နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၂၉ မိနစ်တွင် နေဝင်သည်။ မြန်မာနာရီအားဖြင့် နေ့ ၃၄ နာရီ၊ ည၌ ၂၆ နာရီရှိရာ၊ နေ့တာရှည်၍ ညတာတိုသောလ ဖြစ်ပါသည်။

မိုးဥတုတွင်ပါဝင်သော ဝါခေါင်လကို ရှေးအခါက 'နံကာလ' ဟုခေါ်ကြသည်။ ပုဂံခေတ် ကျောက်စာများတွင် ဝါခေါင်ဟူ၍လည်းကောင်း၊ နံကာလဟူ၍လည်းကောင်း အရေးအသားနှစ်မျိုးလုံးကို တွေ့ရသည်။ 'နံ'သည် အချိန်ကာလကိုပြ၍ 'ကာ'ကို ကြံဆသောအခါ လယ်လုပ်ငန်းဟူ၍ ပြဆိုသည်။ ထို့ကြောင့် 'နံကာ'သည် လယ်လုပ်ချိန်၊ လယ်ထွန်ချိန်နှင့် သက်ဆိုင်သောလဟု အဓိပ္ပာယ်ရသည်။ တစ်နည်းဆိုသော် ဝါခေါင်လသည် ဝါတွင်းသုံးလ၏ အလယ်ဖြစ်သောကြောင့် ကောက်စိုက်သောအခါ အပင်ငယ်များ ဖြစ်ထွန်းအောင် အထူးကြပ်မတ်ဂရုစိုက်ရပြီး ရေကိုလိုသလောက် သွင်းပေးရသကဲ့သို့ အပင်ငယ်များ ရေမမွမ်းစေရန်အတွက် ရေပိုမရှိအောင်ချိန်ရသည်မှာလည်း မလွယ်ကူပေ။ ထို့ကြောင့် နံကာလသည် လယ်သမားများ 'လယ်လုပ်ချိန်လ'ဖြစ်ကာ အင်တိုက်အားတိုက် အလွန်အလုပ်ရှုပ်ကြသည့်အချိန်ဟု အဓိပ္ပာယ်ထင်ရှားပေသည်။

သို့ဖြစ်ရာ မြန်မာလများအနက် ဝါခေါင်လသည် 'လယ်လုပ်ချိန်၊ ထွန်ထယ်ချိန်၊ စိုက်ပျိုးချိန်' ဖြစ်သည်နှင့်အညီ လယ်သမားဦးကြီးများအတွက် အရေးကြီးသည့်လ တစ်လဖြစ်သကဲ့သို့ စိုက်ပျိုးရေးအပေါ်မှီခိုနေရသည့် မြန်မာနိုင်ငံအတွက်လည်း လွန်စွာအရေးပါသည့်လ ဖြစ်သည်။ ထို့ပြင် ဝါခေါင်လတွင် အဆီဝင်းသော ရွှေဝါငါးကြင်းတို့ ပေါများကြောင်းကိုလည်း လေ့လာသိရသည်။

## ဝါခေါင်လနှင့် ပွဲတော်များ

ဝါခေါင်လတွင် ရှေးမြန်မာမင်းများရှိစဉ်အခါက ရာသီပွဲတော်အဖြစ် စာရေးတံပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ ရှိသည်။ ထို့ပြင် ဝါခေါင်လသည် တောင်ပြုန်းညီနောင် နတ်ပွဲများကျင်းပသောလ ဖြစ်သည်။ သို့သော် ယင်းနတ်ပွဲတော်သည် ဝါခေါင်လ၏ စာရေးတံပွဲကဲ့သို့ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးနှင့်ဆိုင်သော ပွဲတော်မဟုတ်ပေ။ ဒေသတစ်ခု၌သာ ကျင်းပသောပွဲတော် ဖြစ်သည်။ ထိုနတ်ပွဲအတွက် လှေပွဲများလည်း ပြုလုပ်ခဲ့ကြကြောင်းကို ရှေးစာဆို ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတားဝါခေါင်လဘွဲ့၌ လေ့လာဖတ်ရှုရပါသည်။

ဆယ့်နှစ်လရာသီအနက် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးကဲသောလမြတ်တို့တွင် ဝါခေါင်လသည်လည်း အထင်ကရဖြစ်သော လတစ်လဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားရှင်က ဝါတွင်းကာလ တောထဲတွင် တရားအားထုတ်ကြမည့် ရဟန်းငါးရာတို့အား ကမ္မဋ္ဌာန်းအလို့ငှာ လည်းကောင်း၊ အကာအကွယ် အရံအတားအလို့ငှာ လည်းကောင်း 'မေတ္တသုတ်တော်'ကို သင်ကြားပေးအပ်ဟောကြားတော်မူလိုက်သောနေ့သည် ဝါခေါင်လပြည့်နေ့ ဖြစ်ပါသည်။ ထို့ကြောင့် ဝါခေါင်လပြည့်နေ့ကို 'မေတ္တာအခါတော်နေ့'အဖြစ် သတ်မှတ်၍ အစဉ်အလာတစ်ရပ်အနေဖြင့် ပူဇော်လျက်ရှိကြပါသည်။

## ခတ္တာပန်းနှင့် ကျန်းမာရေး

'ဝါခေါင်ရေဖွေး၊ ခတ္တာမွှေး'ဟု ဆိုရိုးစကားရှိပါသည်။ မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဝါခေါင်လတွင် မိုးရေအဖျန်းမှာ ပွင့်လာကြသော အထိမ်းအမှတ် ရာသီပန်းမှာ ခတ္တာပန်းဖြစ်ပါသည်။ ခတ္တာပန်းသည် ဂမုန်းမျိုးတွင် ပါဝင်သောကြောင့် ယင်းကို ဂမုန်းခတ္တာဟုလည်း ခေါ်ကြသည်။ လက်ဝါးခန့်ရှည်ဝန်းသော အရွက်ရှိ၍ အရွက်အနား လက်တစ်လုံးခန့်နီသည်။ ဆွေးမြည့်သော မြေနှင့်ကျောက်မြေတို့တွင်ပေါက်၍ ခတ္တာဥမှာ ကြက်ဥအရွယ်ခန့်ရှိသည်။ အကြောင်၊ အနီ၊ အနက်၊ အဖြူ၊ အရွှေ ဟူ၍ အရောင်ကိုလိုက်၍ အမျိုးမျိုးခေါ်ဆိုကြသည်။

ကိုယ်ရံကြီးနှင့်လည်းကောင်း၊ လေးကျွန်းကြာခိုင်နှင့်လည်းကောင်း ခပ်ဆင်ဆင်တူသည်။ သို့သော် ခတ္တာပန်းပင်က မြေအောက်ရှိဥမှ အဖူးတံထွက်၍ အော်လန်ပုံသဏ္ဍာန် ပန်းပွင့်သည့် အပင်ငယ်ဖြစ်သည်။ ရှည်မျောမျော ပွင့်ဖတ်များပေါ်တွင် ခရမ်းနုရောင်အစင်းလေးများနှင့် လှပသော ရိုးတံရှည်ပန်းလေး ဖြစ်သည်။

ရုက္ခဗေဒအလိုအရ ခတ္တာပန်းသည် Amaryllidaceae မျိုးရင်းဝင်ဖြစ်၍ Amaryllidoideae မျိုးကွဲဖြစ်ကာ၊ မျိုးရိုးမှာ Hipp -eastrum ဖြစ်သည်။ အင်္ဂလိပ်အမည်အားဖြင့် Amaryllis (သို့မဟုတ်) Tulip ဟုခေါ်ကြပြီး နိုင်ငံတော်တော်များများ၌ Tulip (ကျူးလစ်ပန်း)ဟု လူသိများပါသည်။ ကမ္ဘာပေါ်တွင် အလှပဆုံးနှင့် အထင်ရှားဆုံးပန်းများတွင် ခတ္တာပန်းလည်း ပါဝင်သည်။ ခတ္တာပန်းသည် ကမ္ဘာသုံးပန်းဖြစ်သည့်အလျောက် အမျိုးမျိုးသော မျိုးစိတ်များနှင့် မျိုးစပ်ပြီး စိုက်ပျိုးကြသဖြင့် ပန်းပွင့်ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးရှိကြကာ အပင်မျိုးစိတ် ၁၀၀ ကျော်ရှိကြောင်း လေ့လာသိရပါသည်။



မတူညီသောမျိုးစိတ်ကြောင့် အရောင်အမျိုးမျိုး ပွင့်ကြသော်လည်း ဆေးဖက်ဝင်အာနိသင်မှာမူ ကွဲပြားခြင်း မရှိပါ။ သို့သော် ရုက္ခမူလ သဘောသဘာဝအရ ပန်းအပွင့်အရောင်ရင့်လေ ဆေးစွမ်းပို၍ ထက်မြက်လေ ဖြစ်ပါသည်။ သတိပြုရမည့် ခတ္တာပန်း၏ထူးခြားချက်မှာ လူ့ခန္ဓာကိုယ်တွင်း အနာရောဂါများအတွက် အခြားသော ပန်းပင်များကဲ့သို့ အပွင့်၊ အဖူး၊ အရွက်၊ ပင်စည်၊ အမြစ်ဥ စသည့် ပဉ္စငါးပါးတို့ကို တိုက်ရိုက်စားသုံးခြင်းမျိုးမဟုတ်ဘဲ ဆေးဝါးအဖြစ် ဖော်စပ်ရာ၌ ပစ္စည်းတစ်ဖုံအဖြစ် ထည့်ဝင်အသုံးပြုကြခြင်း ဖြစ်သည်။



ခန္ဓာကိုယ်ပြင်ပ (အရေပြားပေါ်က) အနာရောဂါများအတွက်ကိုမူ တိုက်ရိုက်အသုံးပြုနိုင်ပါသည်။

- ရင်ကြပ်ပန်းနာရောဂါများ၊ ဆီးချုပ်ရောဂါများ၊ ဆီးကျောက်တည်ခြင်းနှင့် အမူးအမော်ရောဂါများ စသည်တို့ ကုသပျောက်ကင်းရန်အတွက် မြန်မာ့တိုင်းရင်းဆေးများတွင် ခတ္တာပန်းကို ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။
- ဆီးသွားနိုင်သည့် ဂုဏ်သတ္တိရှိသဖြင့် ဆီးရောဂါသမားများအတွက် အထူးကောင်းကျိုးပြုပေးနိုင်ပါသည်။
- ချောင်းဆိုးခြင်းနှင့် အအေးမိခြင်းတို့အတွက် အကောင်းဆုံးဆေးတစ်လက်ဖြစ်သလို ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း၊ ကြွက်တက်နာ၊ ခေါင်းကိုက်ခြင်းအတွက် အသုံးပြုနိုင်ပါသည်။
- အင်းဆက်ပိုးမွှားကိုက်ခြင်း၊ ပျားတုတ်ခြင်း၊ အရေပြားပေါ်ရှိ အပူလောင်ခြင်းနှင့် အဖုအပိန့်များကို အမြန်သက်သာရစေသော အာနိသင်ရှိပါသည်။ ရေနွေးပူပူတွင် ခတ္တာပန်း နှစ်ပွင့်မှ လေးပွင့်ခန့် ကိုထည့်၍ ၄င်းပြုတ်ရည်ဖြင့် အရေပြားပေါ် လိမ်းပေးပါ။
- တချို့နိုင်ငံများတွင် ခတ္တာပန်းမှအဆီထုတ်ယူပြီး ၄င်းအဆီကို ရန့်ကုထုံးအဖြစ် အသုံးပြုကြသည်။ ခတ္တာပန်းအဆီက စိတ်အာရုံခံစားမှုကို ကြည်လင်ကောင်းမွန်စေပြီး စိတ်ဖိစီးမှုများကို လျှော့ကျစေပါသည်။ နာတာရှည် အိပ်မပျော်ခြင်း၊ စိတ်ကျရောဂါများအတွက်ကိုလည်း ခတ္တာပန်းဆီကုထုံးက လွန်စွာကောင်းကျိုးပြုပါသည်။
- ရေချိုးကန်ထဲတွင် ခတ္တာပန်းအဆီ လေးစက် ငါးစက်ခန့်ထည့်ကာ ရေစိမ်ချိုးပေးခြင်းဖြင့် စိတ်ကိုလန်းဆန်းတက်ကြွစေပါသည်။
- ခတ္တာပန်းအဆီကို အလှကုန်ပစ္စည်း ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။ ၄င်းအဆီက အသားအရေကို နူးညံ့ချောမွေ့စေခြင်း၊ အသားအရေတင်းရင်းလှပစေခြင်း၊ အရွယ်တင်နုပျိုစေခြင်း၊ အသားအရေခြောက်သွေ့ယားယံခြင်းကို သက်သာစေခြင်း၊ မီးလောင်ဒဏ်ရာ အပါအဝင် အမာရွတ်များကိုပြေပျောက်စေခြင်း စသည်ဖြင့် အသားအရေထိန်းသိမ်းမှုအတွက် အသုံးဝင်ပါသည်။

## (သတိပြုရန်)

(က) ခတ္တာပန်းအဆီ၏ ဆေးဖက်ဝင်အာနိသင်က ထက်မြက်သည်မှန်သော်လည်း အချို့သူများတွင် ပန်းရနံ့ဖြင့် ဓာတ်မတည့်သော မွေးရာပါရောဂါရှိတတ်ကြသည်။ ထိုသူများအနေဖြင့် ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ခန္ဓာကိုယ်ယားယံခြင်း၊ အဖုအပိန့်ထွက်ခြင်း စသည့် ဝေဒနာတစ်ခုခုခံစားရပါက ခတ္တာပန်းဆီကို သုံးစွဲခြင်းမှ ရပ်လိုက်ပါ။

(ခ) ခတ္တာပန်းကုထုံးကို ယခင်က လုံးဝအသုံးမပြုဖူးသေးသော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအနေဖြင့် မလိုလားအပ်သော ကိစ္စများရှောင်လွှဲနိုင်ရန်အတွက် ဆရာဝန်နှင့် ဆွေးနွေးပြီးမှ သုံးစွဲသင့်ပါသည်။

(ဂ) ခတ္တာပန်းဆီကို မျက်လုံးနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

စေတနာများစွာဖြင့်

**တင်ထက်ထက်ဇော်**

## အစားအစာများထဲမှ မထင်မှတ်သော အဆီဓာတ်များကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်လာပြီး ဘေးဖြစ်စေနိုင်

လူတို့နေ့စဉ်စားသုံးကြသော အစားအစာ အထူးသဖြင့် အသားငါးများထဲ၌ ကောင်းသောကိုလက်စထရောနှင့်မကောင်းသော ကိုလက်စထရော ကောင်းသော အဆီနှင့်မကောင်းသောအဆီစသည်တို့ ရောနှောပါဝင်နေကြသည်။

ကျန်းမာရေးလိုက်စားသူများက ကောင်းသောကိုလက်စထရောနှင့် ကောင်းသောအဆီဓာတ်ပါဝင်သည့် အသားငါးများကို ရွေးချယ်စားသုံးလေ့ရှိကြသည်။


ထိုသို့ရွေးချယ်စားသုံးကြသည့်ကြားမှာပင် အမေရိကန်ပြည်ထောင်စု၌ နှလုံးရောဂါနှင့် ကင်ဆာရောဂါခံစားရသူဦးရေများစွာ



ကျဆင်းလာခြင်းမရှိသဖြင့် မကြာသေးမီက သုတေသနပြုလေ့လာခဲ့ရာ အများစုသည် ကိုလက်စထရောနှင့် အဆီဓာတ်နည်းသော အသားငါးများကို ပမာဏလွန်ကဲစားသုံးကြရာမှ ထိုသို့ခံစားနေရခြင်းဖြစ်ကြောင်းဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ဖြစ်ရာ အစားအစာများထဲမှ မထင်မှတ်သော အဆီဓာတ်များစုပြီး ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်လာကာ ဘေးဖြစ်စေနိုင်သဖြင့် ချင့်ချိန်ပြီးစားကြရန် အိုဟိုင်းယိုပြည်နယ်တက္ကသိုလ်မှ ပါမောက္ခရစ်စတိုဖာတေလာက အကြံပြုပြောကြားကြောင်း သိရသည်။ (SCI)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Sugar ၏ D Day Album ကြည့်ရှုအားပေးသူများပြား

ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါ (ခေါ်)မင်ယောင်ဂီ၏ D Day Album နှင့် Agust D အယ်လ်ဘမ်နှစ်ခုမှာ ကြည့်ရှုအားပေးမှုနှုန်းမြင့်မားခဲ့သဖြင့် ပထမဦးဆုံး အာရှ ရက်ပ်ပါတစ်ကိုယ်တော် အယ်လ်ဘမ်ဖြစ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆူဂါ(ခေါ်)မင်ယောင်ဂီ၏ ရက်ပ်စကေးကို ကမ္ဘာကပင် အသိအမှတ်ပြုခဲ့ပြီး ဘီတီအက်စ်အဖွဲ့ဝင် အာရ်အမ်၊ ဂျေဟုတ်နှင့်ဆူဂါတို့ကို အကောင်းဆုံးရက်ပ်ပါများအဖြစ် ဖော်ပြခံခဲ့ရကာ၊ ဆူဂါ၏ D Day Album နှင့် August D CD Day & D3 မှာ ကိုယ်တိုင်ရေး၊ ဆို၊ ထုတ်လုပ်ထားကာ ဂီတပွဲကိုပါ ကျင်းပထားခြင်းဖြစ်သည်။

ဆူဂါသည် အနေအေးပြီး စကားပြောကောင်းကာ ဂီတဖန်တီးနိုင်စွမ်းလည်းရှိပြီး ပစ္စည်းရှိသေတတ်၍ ကြိုက်လျှင် နှစ်ရှည်သုံးစွဲတတ်ကာ FG အမှတ်တံဆိပ်များကို ရောင်စုံဆင်မြန်းတတ်၍ အဖွဲ့ဝင်များအပေါ်လည်း သိတတ်သည့် ဒယ်ဂူသားလေးဖြစ်သည်။ (SKY)

## Lim Ji Yeon တို့ စုံတွဲ သူငယ်ချင်းမင်္ဂလာဆောင် အတူတက်ခဲ့ကြ

နာမည်ကျော်အနုပညာစုံတွဲအဖြစ် သတ်မှတ်ခံရသည့် မင်းသမီး လင်ဂျီယွန်နှင့်ချစ်သူ လီဒိုဟွမ်တို့စုံတွဲ သူငယ်ချင်းမင်္ဂလာဆောင်ကို အတူတက်ခဲ့ကြ၍ ပရိသတ်စိတ်ဝင်စားမှုခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လင်ဂျီယွန်မှာ ဒရမ်မာရိုက်ကူးရေးနှင့် အချိန်ပြည့်နေပြီး မအားလပ်သည့်ကြားမှ အချိန်ပေးကာ လီဒိုဟွမ်နှင့်အတူ သူငယ်ချင်းမင်္ဂလာပွဲကို တက်ရောက်အားပေးခဲ့ခြင်းဖြစ်သည်။

လင်ဂျီယွန်၏ချစ်သူ လီဒိုဟွမ်မှာ နတ်ကတော်ဇာတ်ကား Exhuma နှင့် အနုပညာထူးချွန်ဆုရရှိထားပြီး ဆုပေးပွဲတွင် ပရိသတ်ရှေ့၌ပင် လင်ဂျီယွန်နှင့်ချစ်သူဖြစ်နေကြောင်း အသိပေးခဲ့၍ အနုပညာစုံတွဲအဖြစ် ပရိသတ်က သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

(SKY)






## The Goat life အိန္ဒိယတောင်ပိုင်းဇာတ်ကား ဖြစ်ရပ်မှန်ကို ရိုက်ကူးထား

အိန္ဒိယတောင်ပိုင်းရုပ်ရှင်ဇာတ်ကား The Goat Life မှာ အရှေ့အလယ်ပိုင်းဒေသတွင် အလုပ်လာလုပ်သည့် အိန္ဒိယနိုင်ငံသားတစ်ဦး၏ ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် ၂၀၂၄ ခုနှစ် ထွက်ရှိလာသော ရုပ်ရှင်ဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဘောလိဝုဒ်တွင်ပင် ရိုက်ကူးထားခြင်းမရှိသေးဘဲ တောင်ပိုင်းအနုပညာမှထုတ်လုပ်ထားရာ သရုပ်ဆောင်များ၏ ပီပြင်သော စွမ်းရည်ကြောင့် ပရိသတ်အားပေးမှုမြင့်မားခဲ့သည်။

ဖြစ်ရပ်မှန်ကို အခြေခံထား၍သဘာဝနှင့်အနီးစပ်ဆုံး တူညီစွာရိုက်ကူးတင်ပြနိုင်မှု၊ ပရိသတ်ကို အတွေးများစွာပေးနိုင်မှုတို့ကြောင့် တောင်ပိုင်းအိန္ဒိယဇာတ်ကားဟုပင် ထင်မှတ်မထားနိုင်လောက်အောင်ဖြစ်ခဲ့ရသည်ဟု ပရိသတ်အချို့က မှတ်ချက်ပေးထားကြသည်။ (SKY)

## Aishwariya Rain တို့ အိမ်ထောင်ရေးအကြောင်း စိတ်ဝင်စားမှု ခံနေရ

အိန္ဒိယမယ်စကြာဝဠာ သရုပ်ဆောင်မော်ဒယ် အစ်ရှ်ဝါရီယာရိုင်းဘဂျမ်းသည် အမီတာဘဂျမ်း၏သား အဗီရှိတ်ဘဂျမ်းနှင့်လက်ထပ်ပြီး သမီးတစ်ဦးရရှိထားကာ ဘီလီယံနာ အမ်ဘာနီသားမင်္ဂလာပွဲကို သီးသန့်တက်ရောက်လာ၍ သူတို့အိမ်ထောင်ရေးအကြောင်း ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ပါဝင်ထားသည်။

အဆိုပါသတင်းမှာ ဘောလိဝုဒ်ပရိသတ်များ ယခင်က ထင်ကြေးပေးထားသည့် အိမ်ထောင်ရေးအကြောင်းနှင့် ဆက်စပ်နေကာ ပွဲတက်ရာတွင် သားအမိနှစ်ဦးသာ သီးသန့်တက်ရောက်ခဲ့သည့်သတင်းကို အကျယ်တဝင့်ဖော်ပြထားကြသည်။

လက်ရှိအိမ်ထောင်ရေး ကွာရှင်းမှုမရှိသေးသော်လည်း အစ်ရှ်ဝါရီယာရိုင်းက အိမ်မှဆင်း၍ သမီးနှင့်အတူ ခွဲနေခဲ့သည့်သတင်း ပေါ်ထွက်လာသည်။ (SKY)



## Jung Kook ကို ကမ္ဘာ့အဆိုနှင့် အကအတော်ဆုံး(၂၀)ဦးစာရင်းတွင် နံပါတ်(၇)နေရာ၌ တွေ့ရ

ဘီတီအက်စ်အဖွဲ့ဝင် တေးရေး၊ တေးဆို၊ ဂီတဖန်တီးထုတ်လုပ်သူ အကဘုရင် ဂျောင်ဂုက ကမ္ဘာ့အဆိုနှင့်အက အတော် ဆုံး ၂၀ ဦးစာရင်းတွင် နံပါတ် ၇ နေရာရရှိသည်ကို တွေ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဂု၏ စင်မြင့်ပေါ်မှ အဆိုနှင့်အကပုံရိပ်မှာ အားမာန်ပြည့်နှင့် ဟန်ချက်ညီခဲ့သည်ကို တွေ့ရပြီး သူ၏တစ်ကိုယ်တော် ဂီတများဖြစ်သည့် SEVEN မှာ Spotify သမိုင်းတစ်လျှောက်သီချင်းထွက်ပြီး တစ်နှစ်အတွင်း ကမ္ဘာ့ဂီတလောကတွင် စံချိန်တင်ခဲ့ကာ Standing Next to



you တွင် ကမ္ဘာ့ပရိသတ်အားပေးမှုအပြည့် ရရှိထားသည်။

အဆိုပါ ကမ္ဘာ့အဆိုနှင့်အက အတော်ဆုံး ၂၀ ဦးစာရင်းတွင် မိုက်ကယ်ဂျက်ဆင်၊ အူရှာ၊ ဂျိမ်းစ်ဘရောင်း၊ ဘရူနိုမတ်စ်၊ ပရင်စ်၊ ဘော်ဘီဘရောင်း၊ ဂျောင်ဂု၊ ဂျက်စတင်ဘီဘာ၊ ဂျက်စတင်ဒီရူလို၊ ရမ်ကီမာတင်၊ ဂျက်စတင်တင်ဘာလိပ် စသည့် နာမည်ကြီးအဆိုတော်များတွင် ဂျောင်ဂုက နံပါတ်ခုနစ်ပိုင်ရှင်ဖြစ်ခဲ့သည်။

(SKY)

## Rain ၏ ဇာတ်ကားသစ် Red Swan ထွက်ရှိလာ

အဆိုတော်၊ သရုပ်ဆောင်၊ ကုမ္ပဏီပိုင်ရှင် ရိန်းသည်အနုပညာလောကမှ အနားယူနေရာ ၂၀၂၄ ခုနှစ်တွင် Red Swan ဒရမ်မာအက်ရှင် ထွက်ရှိလာခဲ့ပြီး ကြည့်ရှုနှုန်းမြင့်မားစွာရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားတွင် ရိန်းနှင့်အတူ ဝါရင့်အနုပညာရှင်မင်းသမီး ကင်ဟာနူပါဝင်ထားပြီး အနုပညာစွမ်းရည်သာမက ဖက်ရှင်စတိုင်လ်သစ်ကိုပါ ပြသထား၍ ပရိသတ်နှစ်သက်စွာအားပေးထားကြသည်။

ထိုဇာတ်ကားတွင် မင်းသမီး၏ မျက်နှာပေးသရုပ်ဆောင်ပိုင်းနှင့် ဖက်ရှင်ကိုပါ အပိုလိုမရှိ မြင်တွေ့ကြရပြီး Tempo အတက်အကျနှင့် ရိန်း၏ အားမာန်ပြည့်သက်တော်စောင့်အဖြစ် အနုပညာလက်ရာကိုပါ ကြည့်ရှုခွင့်ရခဲ့ကြ၍ ပရိသတ်တစ်ခဲနက်အားပေးထားကြသည်။

ရိန်းပါဝင်ထားသည့် Ninja Assassin ရုပ်ရှင်တွင် ကိုရီးယားမင်းသားရိုက်၍ အထင်သေးမိသော်လည်း ကြည့်ရှုပြီးနောက် ရိန်း၏ဆွဲဆောင်မှု၊ ကိုယ်ခံပညာ၊ ဓားရေးလေ့ကျင့်မှုများကြောင့် ကမ္ဘာ့ပရိတ်သတ်လက်ခံခဲ့ကြပြီး Asian Film Awards ဆုပေးပွဲတွင် Action Asia Stan ဆုကို ရိန်းရရှိထားခဲ့သည်။ (SKY)

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဂါဇာကမ်းမြောင်ဒေသမှ ကလေးသူငယ်များကို ပိုလီယိုရောဂါမကူးစက်စေရန် ကာကွယ်ပေးရမည်



**ဝါရှင်တန် ဩဂုတ် ၁၇**

ဂါဇာကမ်းမြောင်ဒေသမှ ကလေးသူငယ်များကို ပိုလီယိုရောဂါမကူးစက်စေရန် ကာကွယ်ပေးရမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထုတ်ဖော်ပြောကြားသည်။

အဆိုပါဒေသမှ ကလေးသူငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန်အတွက် အပစ်အခတ်ရပ်စဲပေးရန်လိုအပ်သည်ဟု ကုလသမဂ္ဂမှ တာဝန်ရှိသူများက အစ္စရေးနှင့် ဟားမတ်စ်နှစ်ဖက်စလုံးကို အလားတူတိုက်တွန်းပြောဆိုကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ထိုသို့ပြောကြားပြီး နာရီအနည်းငယ်အကြာတွင် ဂါဇာကမ်းမြောင်ဒေသ၌ ပိုလီယိုရောဂါကူးစက်ခံရသူတစ်ဦး တွေ့ရှိခဲ့သည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

မိမိတို့ဒေသရှိ လမ်းများပေါ်တွင် အမှိုက်သရိုက်များ ဗရပွဖြစ်ကာ အစ္စရေး၏ ပိတ်ဆို့မှုကြောင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ ပြတ်လပ်ကာ တစ်ကိုယ်ရည် သန့်ရှင်းရေးသုံး ထုတ်ကုန်များလည်း မရရှိနိုင်သဖြင့် ပိုလီယိုရောဂါကူးစက်မှုကို ထိန်းချုပ်ရန်ခက်ခဲနေသည်ဟု ထိုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကုလသမဂ္ဂအနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ အသက် ၁၀ နှစ်အောက် ကလေးသူငယ်များကို ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးရန်စီစဉ်ထားသည်ဟု အန်တိုနီယိုဂူတာရက်စ်က ထည့်သွင်းရှင်းပြခဲ့ကြောင်း သိရသည်။

Mon

## စရိတ်စကလျော့ကျကာ စီးပွားရေးခိုင်မာစေရမည်ဟု သမ္မတလောင်း ကာမာလာဟဲရစ် မဲဆွယ်စည်းရုံးပြောဆို



**ဝါရှင်တန် ဩဂုတ် ၁၇**

သမ္မတအဖြစ် မိမိအာဏာရလာလျှင် အမေရိကန်ပြည်ထောင်စု၌ အထွေထွေစရိတ်စက လျော့ကျကာ စီးပွားရေးခိုင်မာစေပြီး နိုင်ငံသားအားလုံး အကျိုးခံစားခွင့်ရှိစေရမည်ဟု ဒီမိုကရက်တစ် သမ္မတလောင်း ကာမာလာဟဲရစ် မဲဆွယ်စည်းရုံးပြောဆိုလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် သမ္မတဂျိုးဘိုင်ဒင်ထံမှ ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် လွှဲအပ်ခြင်းကို လက်ခံခဲ့ပြီးနောက်ပိုင်းတွင် အမေရိကန်လူလတ်တန်းစားများနှင့် နီးစပ်မှုရှိသော သူများအား ရွေးကောက်ပွဲ ကတိကဝတ်များပေးပြီး မဲဆွယ်စည်းရုံးခဲ့ရာမှ ၎င်း၏ လူထုအမြင် မဲရလဒ်သည် ပြိုင်ဘက် ရီပတ်ပလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်ရရှိသော ရလဒ်ထက် ပိုမိုများပြားလာခဲ့သည်။

ငွေကြေးဖောင်းပွမှုကို လျှော့ကျအောင်ဆောင်ရွက်ပေးမည်။ အလုပ်လက်မဲ့ပမာဏနည်းပါးကာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးလာအောင်လည်း စွမ်းဆောင်ပေးမည် စသည်ဖြင့် ဒေါ်နယ်ထရမ့်ကလည်း အပြိုင်အဆိုင် ကတိများပေးခဲ့သည်။

မိမိအာဏာရလျှင် ပထမဆုံးအကြိမ်အိမ်ဝယ်သူများအား အစိုးရက ဒေါ်လာ ၂၅၀၀၀ ထုတ်ချေးပေးမည်ဟူသော ကတိမျိုး ကာမာလာဟဲရစ်က ပေးသော်လည်း ထရမ့်က ပြက်ရယ်ပြုနေခဲ့သည်။

ရွေးကောက်ပွဲနီးလာလေလေ ထိုသမ္မတလောင်းနှစ်ဦး၏ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးမှု အားကောင်းလာလေလေဖြစ်ကြောင်း သိရသည်။

Mon

## လူကိုသေစေနိုင်သည့် မျောက်ကျောက်ရောဂါ အာဖရိကမှ ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာ



**အစ္စလာမ္မာဘတ် ဩဂုတ် ၁၇**

လူကိုသေစေနိုင်သည့် မျောက်ကျောက်ရောဂါသည် မူလစတင်ဖြစ်ပွားသည့် အာဖရိကမှ ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သည်ဟု ဩဂုတ် ၁၆ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာဖရိကတိုက်ရှိ ကွန်ဂိုနိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်မှုအခြေအနေ ဆိုးရွားလာပြီးနောက် ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် မကြာသေးမီက သတ်မှတ်ကြေညာခဲ့သည်။

ထိုသို့ကြေညာပြီးနောက် ဆွီဒင်နိုင်ငံတွင် ထိုရောဂါကူးစက်ခံရသူတစ်ဦးတွေ့ရှိကြောင်း သက်ဆိုင်ရာက ဩဂုတ် ၁၅ ရက်၌ အတည်ပြုခဲ့သည်။

ယခုတစ်ဖန် ပါကစ္စတန်နိုင်ငံတွင်လည်း မျောက်ကျောက်ရောဂါကူးစက်ခံရသည့် လူနာတစ်ဦးတွေ့ရှိထားကြောင်း ထုတ်ပြန်ကြေညာလိုက်ပြန်သည်။

ခိုင်ဘာပတ်ခ်ထန်ခွာပြည်နယ်တွင် ထိုရောဂါကူးစက်ခံထားရသည့် လူနာမှာ အသက် ၃၄ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး လက်ရှိဆေးဝါးကုသမှုခံယူနေကြောင်း ပါကစ္စတန်လူထုကျန်းမာရေးညွှန်ကြားရေးမှူး ရိုဂါနီက ရှင်းလင်းပြောကြားကြောင်း သိရသည်။

Mon

0-0-0-0

## အလွန်အားကောင်းသော အမ်ဖီးလ်တိုင်ဖုန်းမုန်တိုင်း ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းသို့ ဝင်ရောက်လာ

**တိုကျို ဩဂုတ် ၁၇**

အလွန်အားကောင်းသော အမ်ဖီးလ်တိုင်ဖုန်းမုန်တိုင်းသည် ဩဂုတ် ၁၆ ရက်က ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းသို့ ဝင်ရောက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမုန်တိုင်းသည် တိုကျိုမြို့တော် တောင်ဘက် ကီလိုမီတာ ၁၇၀ ခန့်အကွာမှ ဖြတ်သန်းဝင်ရောက်လာပြီး တစ်နာရီလျှင် ၂၁၆ ကီလိုမီတာ လေတိုက်နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ ဦးတည်ရွေ့လျားသွားခဲ့သည်။

ဟွန်ရှူးကျွန်းဘက်တွင် ထိုမုန်တိုင်း၏နောက်ဆက်တွဲ မိုးသည်းထန်ရေကြီးမှုများ ဖြစ်ပွားလာနိုင်သည်ဟု သက်ဆိုင်ရာက ကြိုတင်သတိပေးထားကြောင်း သိရသည်။

Mon

## အသက် ၁၀ နှစ်အရွယ် ကျောင်းသူလေး တေဂန် နှစ်သန်း ၂၀၀ ကျော်က ဒိုင်နိုဆောခြေရာများ တွေ့ရှိ

**လန်ဒန် ဩဂုတ် ၁၇**

ဗြိတိန်နိုင်ငံမှ အသက် ၁၀ နှစ်အရွယ် ကျောင်းသူလေး တေဂန်သည် မိခင်ကလဲနှင့်အတူ ဝေလနယ်တောင်ပိုင်းရှိ လူသူအရောက်အပေါက်နည်းသော ကမ်းခြေတစ်နေရာ၌ မကြာသေးမီက ဒိုင်နိုဆောခြေရာဟု ထင်ရသော အရာငါးခုတွေ့ရှိခဲ့သည်။

၎င်းက မိခင်ကို ခေါ်ပြသဖြင့် မိခင်ဖြစ်သူကလဲက ဓာတ်ပုံရိုက်ယူပြီး ဝေလနယ်သဘာဝသမိုင်းပြတိုက်သို့ အီးမေးလ်ပို့ပြီး အတည်ပြုစေခဲ့သည်။

ကျောင်းသူလေးတေဂန်တွေ့ရှိခဲ့သည့် အရာငါးခုမှာ နှစ်သန်း ၂၀၀ ကျော်က ဒိုင်နိုဆောတစ်မျိုး၏ ခြေရာငါးခုဖြစ်သည်ဟု ဝေလနယ်သဘာဝသမိုင်းပြတိုက်မှူးက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

Mon

## ဗြိတိသျှရေငုပ်သမားများ၏ ကြိုးပမ်းမှုဖြင့် ပထမကမ္ဘာစစ်ကျန်သင်္ဘောပျက် ပြန်လည်တွေ့ရှိ

**လန်ဒန် ဩဂုတ် ၁၇**

ဗြိတိသျှရေငုပ်သမားများ၏ ကြိုးပမ်းမှုဖြင့် အိတ်ချ်အမ်အက်စ်ဟော့ခ်ဟု အမည်ရသော ပထမကမ္ဘာစစ်ကျန် သင်္ဘောပျက်တစ်စင်းကို မကြာသေးမီက ပြန်လည်တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗြိတိန်နိုင်ငံ အဘာဒင်းရှိုင်းယားကမ်းရိုးတန်းလွန်ပင်လယ်ပြင်တစ်နေရာ၌ ထိုသင်္ဘောပျက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရေငုပ်အဖွဲ့ခေါင်းဆောင် စတိဗ်မော်တိုင်မာက ရှင်းလင်းပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၃၆၀ ခန့်အကွာရှိ ပင်လယ်ကြမ်းပြင်တွင် လွန်ခဲ့သော ဩဂုတ် ၁၂ ရက်က ထိုသင်္ဘောပျက်ကို စတင်ခြေရာခံနိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။




ပထမကမ္ဘာစစ်အတွင်း ၁၉၁၄ ခုနှစ် အောက်တိုဘာလက ၁၈၇ ပေ ရှည်လျားပြီး ပေ ၆၀ ကျယ်သော ဗြိတိန်တော်ဝင်ရေတပ်ပိုင် အဆိုပါ စစ်သင်္ဘောသည် ဂျာမန်ရေငုပ်သင်္ဘော တစ်စင်း၏ တော်ပီဒိုထိမှန်ကာ နစ်မြုပ်သွားခဲ့ရာ လိုက်ပါလာသည့် တပ်ဖွဲ့ဝင်ပေါင်း ၅၀၀ ကျော်ကျဆုံးခဲ့ရသည်။

အဆိုပါ သင်္ဘောသည် မီးလောင်ပြီး နစ်မြုပ်ခဲ့ခြင်းဖြစ်သော်လည်း ပြန်လည်တွေ့ရှိသောအခါ အပျက်အစီးနည်းပါးပြီး အသုံးအဆောင်ပစ္စည်းအချို့မှာ အကောင်းပကတိအတိုင်း ရှိနေဆဲဖြစ်သည်ဟု ရေငုပ်သမားများ တွေ့ရှိခဲ့ကြောင်း သိရသည်။

Mon

0-0-0-0



တရုတ်နိုင်ငံဟောင်ကောင်ကျွန်းတွင် မကြာသေးမီက ပန်ဒါမိခင် ယင်ယင် မွေးဖွားပေးလိုက်သည့် ပန်ဒါအမြွှာနှစ်ကောင်ကို တွေ့ရစဉ်။ Mon

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ





**မန္တလေး ဩဂုတ် ၁၇**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မဟာအောင်မြေမြို့နယ် အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က မိတ်ဆက်နှုတ်ခွန်းဆက်စကားနှင့် မူးယစ်ဆေးဝါးအမျိုးအစားများအကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက ယနေ့လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်စွာက Vape အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်သဲဇာခြည်မောင်က Party Drugs အန္တရာယ်အကြောင်းတို့ကို အသီးသီးဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများမှ မေးခွန်းများမေးမြန်းခဲ့ကြသည်။

ဆက်လက်၍ MANA (mdy) အသင်းမှ လက်ကမ်းစာစောင်များပေးအပ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြော အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေ

**စစ်ကိုင်း ဩဂုတ် ၁၇**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများလျော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ် ကောလိပ်များနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စစ်ကိုင်းမြို့ပညာရေးဒီဂရီကောလိပ်၊ မြဧရာခန်းမတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများ ကိုယ်တိုင်ပူးပေါင်းပါဝင်မှသာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများလျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **(ဝ၄၅)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁၇**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၈၁/၅) အနီးတွင် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီ ၃၅ မိနစ်ခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သာဂရအမြန်လမ်းမီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ဆွာမြို့နယ် MR Rescue အသင်းမှ လူနာတင်ယာဉ်ဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

**(အပေါ်ပုံ)မောင်ပြည်သူ(မန္တလေး)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်ယာဉ်မီးလောင်

**ဖြူး ဩဂုတ် ၁၇**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၃၄/၆) နှင့် (၁၃၄/၇)ကြားတွင် ဩဂုတ် ၁၇ ရက် နံနက် ၃ နာရီ ၂၀မိနစ်ခန့်က ခရီးသည်တင်ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ဇောဓိကုန်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ် (၁)စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များထွက်ခွာငြိမ်းသတ်ရာ နံနက် ၃နာရီ မိနစ်၅၀တွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်မှာ ခရီးသည်တင်ယာဉ်ရှေ့ပိုင်းအတွင်း မိုးရေများဝင်ပြီး ဝါယာရှော့ဖြစ်ကာ မီးလောင်ခြင်းဖြစ်ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**



## ရပ်စောက်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီခွဲက သက်သေများနှင့်အတူ ရပ်စောက်မြို့၊ ဈေးတန်းရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အေးမျိုး(ခ)ဖိုးထောင်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးမျိုး(ခ)ဖိုးထောင်(၂၆)နှစ်အား ရပ်စောက်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



## ကျောက်ဆည်မြို့နယ်တွင် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၃နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကျောက်ဆည်မြို့နယ်၊ ဆူးလေကုန်းကျေးရွာရှိ ကျော်စွာလင်း(ခ)ဌကြီး၏ နေအိမ်ခြံဝင်းအား ဝင်ရောက်ရှာဖွေရာ ခြံဝင်းအတွင်းမှ CAUSTIC SODA ၆၀၀၀၀ ကီလို၊ CITRIC ACID MONOHYDRATE ၄၅၀၀ကီလိုနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၁၄ ရက်က အဆိုပါ ဓာတုပစ္စည်းများ လာရောက်ပို့ဆောင်သူ သိန်းဝင်းအား ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)တွင် လက်ကိုင်ဖုန်း ၂ လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ကျော်စွာလင်း(ခ)ဌကြီး(၃၀)နှစ်နှင့် သိန်းဝင်း(၅၄)နှစ်တို့အား ကျောက်ဆည်မြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

*-*-*-*-*-*

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်းယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄(တတိယနေ့) ကျင်းပ



နေပြည်တော် ဩဂုတ် ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSATOM)နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၄ တတိယနေ့ အစီအစဉ်များကို ယနေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အားပေးသည်။

## တက်ရောက်အားပေး

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းရှိစုဝေးခန်းမ၌ နိုင်ငံ့အကျိုးပြု အမျိုးသမီးသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရေး မျိုးစေ့ချပေးသည့်အနေဖြင့် ရည်ရွယ်ကျင်းပသော ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့မှ အမျိုးသမီးသိပ္ပံပညာရှင်နှစ်ဦး၏ "Tough question: become a Female Scientist" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို တက်ရောက်အားပေးသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့မှ ကျောင်းသား ကျောင်းသူ ၁၅၂ ဦးနှင့် ဆရာမ ရှစ်ဦးတို့ တက်ရောက်ကြသည်။ ပညာရှင်များက သိပ္ပံနှင့် နည်းပညာ၊ နျူကလီးယားနှင့် အင်ဂျင်နီယာဘာသာရပ်များ၏ အရေးပါမှုနှင့် ဗဟုသုတများ၊ သိပ္ပံပညာရှင်ဖြစ်ရန် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးပွဲအပေါ် နားလည်သဘောပေါက်မှုနှင့် ရရှိသည့် ဗဟုသုတများကို အပြန်အလှန်အဖြစ် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဖြေဆိုမှုမှန်ကန်သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ၌ ပွဲတော်၏ သိပ္ပံနှင့် နျူကလီးယားနည်းပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများတွင် ပါဝင်ကူညီပေးကြပြီး ROSATOM မှ ချီးမြှင့်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်များတွင် မဟာဘွဲ့ ပညာသင်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးက ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အဆိုပါစင်တာတွင် ကျင်းပသော DIY Science Session ၌ ROSATOM မှ တာဝန်ရှိသူများက သိပ္ပံဘာသာရပ်များဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်များကို မြှင့်တင်ပေးနိုင်သည့် ဉာဏ်စမ်းဂိမ်းများကို ယှဉ်ပြိုင်စေရာ ဒုတိယဝန်ကြီးသည်ဝင်ရောက်ဆင်နွှဲသည့်ကျောင်းသား ကျောင်းသူများကိုလှည့်လည်ကြည့်ရှုအားပေးပြီး ထူးချွန်ဆုရရှိသူများအား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက် အဆိုပါစင်တာရှေ့တွင် ကျောင်းသား ကျောင်းသူများက ATOM စာလုံးကို ပုံဖော်နေရာယူ၍ "May the Nuclear Force be with You" စာသားများ ရေးထိုးထားသော အမှတ်တရမိုးပျံပူဖောင်းများကိုလွှတ်တင်၍ သိပ္ပံပွဲတော် ၂၀၂၄ ကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးကျုံးရေပြင်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် ၄ သန်းခန့် ဖြည့်သွင်းနိုင်ရန် စက်ရေတွင်း သစ်များတူးဖော်



မန္တလေး ဩဂုတ် ၁၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ကျုံးရေပြင်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန် ၄ သန်းခန့် ဖြည့်သွင်းနိုင်ရန် မျှော်မှန်းကာ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ၂၂လမ်း၊ စာတိုက်ကြီးဝင်းအတွင်း စက်ရေတွင်းသစ် ၄ တွင်း တူးဖေါ်ဆောင်ရွက်နေကြောင်း ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင်းရပ်ကွက်များမှ ကျုံးရေလုံလောက်စွာရရှိရေးအတွက် ဧရာဝတီမြစ်ရေမှတစ်ဆင့် ကျုံးအတွင်းသို့ ရေသွင်းပေးလျက်ရှိပြီး ထပ်မံ၍ စက်ရေတွင်းသစ် ၄ တွင်းတူးဖေါ်ကာ မြို့ရေပေးရေးစနစ်အတွက် အားဖြည့် ဆောင်ရွက်ခြင်းဖြစ်သည်။

"မန္တလေးကျုံးရဲ့မြောက်ဘက်၊ တောင်ဘက် ၊အနောက်ဘက်၊ အရှေ့ဘက်ရပ်ကွက်တွေက ကျုံးရေ အသုံးပြုသူတွေ ကျုံးရေက တစ်ဆင့် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ဖို့ ဧရာဝတီမြစ်ရေ ဖြည့်သွင်းပေးနေတဲ့အပြင် ခုထပ်မံပြီး စာတိုက်ကြီးရုံးဝင်းထဲမှာ မူလရှိထားတဲ့ စက်ရေတွင်းတစ်တွင်းနဲ့ စက်ရေ တွင်းသစ် ၄ တွင်းတူးဖော်ပြီး ကျုံးရေဖြည့်သွင်းဖို့ ဆောင်ရွက်တာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

တူးဖော်ဆောင်ရွက်နေသည့် စက်ရေတွင်းများမှာ ၂၂လမ်း၊ စာတိုက်ကြီးရုံးဝင်းအတွင်း မူလကတည်းကရှိသည့် တစ်နာရီလျှင် ရေဂါလန် ၅၀ ၀၀၀ ထွက်ရှိသော ၁၂ လက်မစက်ရေတွင်းတစ်ခုနှင့် တစ်နာရီလျှင် ရေဂါလန် ၄၀၀၀၀ ခန့်ထွက်ရှိမည့် ၁၂လက်မ စက်ရေတွင်းအသစ် ၄ ခု ကို တစ်ပြိုင်တည်းတူးဖေါ်ပြီး ထိုစက်ရေတွင်း ၅ တွင်းမှ ကျုံးရေပြင်သို့တစ်ရက်လျှင် ရေဂါလန် ၄ သန်းဖြည့်သွင်းနိုင်မည်ဟုဆိုသည်။

ဧရာဝတီမြစ်ရေတင်စက်မှ မြစ်ရေစုပ်ယူကာ ကျုံးရေပြင်သို့ ၁၂ လက်မပိုက်ဖြင့် တစ်ရက်လျှင် နာရီ ၂၀ ဖြင့် ဂါလန်ပေါင်း ၁၂ သိန်းနှင့် ၈ လက်မပိုက်ဖြင့် တစ်ရက်လျှင် ရေဂါလန် ၈သိန်း၊ စုစုပေါင်းရေဂါလန် ၂ သန်းဖြည့်သွင်းပေး နေကြောင်း၊ ၂၂ လမ်းရှိ စာတိုက်ကြီးရုံးဝင်းအတွင်းမှ မူလစက်ရေတွင်းတစ်တွင်းနှင့် အသစ်တူးဖေါ်သည့် စက်ရေတွင်း ၄ တွင်းတို့မှ တစ်ရက်လျှင် ရေဂါလန် ၄ သန်းကို ကျုံးရေပြင်သို့ ဖြည့်သွင်းနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (မန္တလေးနေ့စဉ်-ဇ)

| စပိန်လာလီဂါ အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)အနိုင်၊ အရှုံး | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၁ | လီဂါနက်စ် |

❖ စာမျက်နှာ ၂၄ မှ

ပွဲချိန် ၇၄မိနစ်တွင် ဆာကာတို့က သွင်း ယူပေးခဲ့သည်။

ယနေ့ မြန်မာ စံတော်ချိန် ည ၁၁နာရီက ဝက်စ်ဟမ်းအသင်းနှင့်အက်စတွန်ဗီလာအသင်းတို့ ပွဲစဉ်တွင်လည်း အက်စတွန်ဗီလာအသင်းက ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားမြောက် များစွာခေါ်ယူ အားဖြည့်ထားသည့် အသင်းပီပီဝက်စ်ဟမ်းအသင်းအားအကောင်းဆုံးယှဉ်ပြိုင်ကစားကာ နိုင်ပွဲရယူနိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄မိနစ်တွင် အိုနာနာ၊ ပွဲချိန် ၇၉မိနစ်တွင် ဒူရမ်တို့က သွင်းယူပေးခဲ့သည်။

ဆက်လက်၍ အခြားပွဲစဉ်များတွင် ဘရိုက်တန်အသင်းက အဲဗာတန်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ နယူးကာဆယ်အသင်းက ဆောက်သမ်တန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ဘုန်းမောက်အသင်းတို့က တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

(NGB)

| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)အနိုင်၊ အရှုံး | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၂ | - | ၂ | အင်တာမီလန် |
| ပါးမား | ၁ | - | ၁ | ဖီအိုရင်တီးနား |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)အနိုင်၊ အရှုံး | | | | |
|---|---|---|---|---|
| ဘရက် | ၁ | - | ၅ | မာဆေး |
| ရမ်းစ် | ၀ | - | ၂ | လိုင်လီ |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Eaindrey Shin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သန်လျက်မော်(အနောက်)ရပ်ကွက်နေ အိန္ဒြေရှင်(ခ)အိန်လေးအား နံနက် ၉ နာရီတွင် မဟာအောင်မြေမြို့နယ်၊ အမှတ်(၇)နယ်မြေစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## အီဗန်နယ်လ်ဆန် ဘုန်းမောက်အသင်းတွင် ကျောနံပါတ် ၉ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၁၇**

တိုက်စစ်မှူးသစ် အီဗန်နယ်လ်ဆန်သည် ဘုန်းမောက်အသင်းတွင် ကျောနံပါတ် ၉ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိ ဈေးကွက်အတွင်းတွင် ပေါ်တိုအသင်းမှ ဘုန်းမောက်အသင်းသို့ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ယူရို ၃၇သန်း+အပိုဆုကြေး ယူရို ၁၀ သန်းဖြင့် ရောက်ရှိလာခဲ့သည်။

တိုက်စစ်မှူး အီဗန်နယ်လ်ဆန်သည် ပေါ်တိုအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၃ ပွဲကစားပြီး ဂိုး ၆၀ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**



## ကယ်လ်ဗင်ဖီးလစ်အား တစ်ရာသီအငှားဖြင့် အစ်ဗ့စ်ချ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၇**

အစ်ဗ့စ်ချ်အသင်းသည် မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ကယ်လ်ဗင်ဖီးလစ်အား တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အစ်ဗ့စ်ချ်အသင်းတွင် ကျောနံပါတ် ၈ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ကယ်လ်ဗင်ဖီးလစ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁ ပွဲကစားပြီး ၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အစ်ဗ့စ်ချ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အစ်ဗ့စ်ချ်အသင်းထုတ်ပြန်ချက်တွင် "ကယ်လ်ဗင်ဖီးလစ်အား အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ် ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**
**(NGB)**

## ဝီလီယံ ဖူလ်ဟမ်အသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်း

**လန်ဒန် ဩဂုတ် ၁၇**

ဝါရင့်တောင်ပံကစားသမား ဝီလီယံက မိမိအနေဖြင့် ဖူလ်ဟမ်အသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ် ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဝီလီယံသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၇ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။



အသက်(၃၆)နှစ်အရွယ်ရှိ ဝီလီယံက "ကျွန်တော် ဖူလ်ဟမ်အသင်းနှင့် လမ်းခွဲခဲ့ပါပြီ။ လက်ရှိအချိန် ကျွန်တော်ကို ကမ်းလှမ်းထားတဲ့ အသင်းတွေတော့ ရှိပါတယ်။ ဘယ်အသင်းကို ပြောင်းရွှေ့ကစားမယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး"ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Nadia Podoroska တက်ရောက်

**လန်ဒန် ဩဂုတ် ၁၇**

ကိုလံဘီယာနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၄ Barranquilla Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska တက်ရောက်ခဲ့သည်။

အဆိုပါ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska သည် ၂၀၂၄ Barranquilla Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ် Anastasiya Sobolieva အား ၆-၁ ၊ ၁-၆ ၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska နှင့် ဂျာမနီတင်းနစ်မယ် Tatjana Maria တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ည ၁၁း၀၀နာရီ | ဗီရိုနာ - နာပိုလီ | ဗီရိုနာ ၁-၃ နာပိုလီ<br>နာပိုလီ ၂-၁ ဗီရိုနာ |
| ။ | ။ | ဘိုလော့ဂ်နာ - အူဒီးနီစ် | ဘိုလော့ဂ်နာ ၁-၁ အူဒီးနီစ်<br>အူဒီးနီစ် ૩-၀ ဘိုလော့ဂ်နာ |
| ၁၉-၈-၂၀၂၄<br>တနင်္လာနေ့ | နံနက် ၀၁း၁၅နာရီ | ကက်ဂလီယာရီ - ရိုးမား | ကက်ဂလီယာရီ ၁-၄ ရိုးမား<br>ရိုးမား ၄-၀ ကက်ဂလီယာရီ |
| ။ | ။ | လာဇီယို - ဗီနီဇီယာ | လာဇီယို ၁-၀ ဗီနီဇီယာ<br>ဗီနီဇီယာ ၁-၃ လာဇီယို |

### အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ညနေ ၅း၃၀နာရီ | (၅)ဆန်းဒါးလန်း - ရှက်လ်ဖီး(W)(၁)<br>(W) (W) | ဆန်းဒါးလန်း ၀-၂ ရှက်လ်ဖီး(W)<br>ရှက်လ်ဖီး(W) ၀-၃ ဆန်းဒါးလန်း |

### စပိန်လာလီဂါ အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ည၁၁း၃၀နာရီ | ဆိုစီဒက် - ဗယ်လ်လက်ကာနို | ဆိုစီဒက် ၀-၀ ဗယ်လ်လက်ကာနို<br>ဗယ်လ်လက်ကာနို ၂-၂ ဆိုစီဒက် |
| ၁၉-၈-၂၀၂၄<br>တနင်္လာနေ့ | နံနက်၀၂း၀၀နာရီ | မာယော့ကာ - ရီးရဲလ်မက်ဒရစ် | မာယော့ကာ ၀-၁ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၁-၀ မာယော့ကာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | ဘရန့်ဖို့ဒ် - ခရစ္စတယ်ပဲလေ့စ် | ဘရန့်ဖို့ဒ် ၁-၁ ခရစ္စတယ်ပဲလေ့စ်<br>ခရစ္စတယ်ပဲလေ့စ် ၃-၁ ဘရန့်ဖို့ဒ် |
| ။ | ည၁၀း၀၀နာရီ | ချဲလ်ဆီး - မန်စီးတီး | ချဲလ်ဆီး ၄-၄ မန်စီးတီး<br>မန်စီးတီး ၁-၁ ချဲလ်ဆီး |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ညနေ ၃း၃၀နာရီ<br>(ပုသိမ်ကွင်း) | (၉)ဧရာဝတီ - ဒဂုံစတား(၄)<br>(L,W,L,L,L) (W,L,W,W,L) | ဧရာဝတီ ૩-၂ ဒဂုံစတား<br>ဒဂုံစတား ၂-၂ ဧရာဝတီ |
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ညနေ ၄း၀၀နာရီ<br>(သုဝဏ္ဏကွင်း) | (၅)ရတနာပုံ - မြဝတီ(၁၀)<br>(L,W,L,W,W) (L,L,D,W,L) | ရတနာပုံ ၁-၁ မြဝတီ<br>မြဝတီ ၃-၁ ရတနာပုံ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၈-၂၀၂၄<br>တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | အောဇေး - နိုက်စ် | အောဇေး ၁-၁ နိုက်စ်<br>နိုက်စ် ၁-၁ အောဇေး |
| ။ | ည၉း၃၀နာရီ | အန်ဂါးစ် - လန်းစ် | အန်ဂါးစ် ၁-၂ လန်းစ်<br>လန်းစ် ၃-၀ အန်ဂါးစ် |
| ။ | ည၉း၃၀နာရီ | မောင့်ပယ်လီယာ - စထရာဘော့ | မောင့်ပယ်လီယာ ၂-၂ စထရာဘော့<br>စထရာဘော့ ၂-၂ မောင့်ပယ်လီယာ |
| ။ | ည၉း၃၀နာရီ | တူးလော့စ် - နန့်တက်စ် | တူးလော့စ် ၁-၂ နန့်တက်စ်<br>နန့်တက်စ် ၁-၂ တူးလော့စ် |
| ၁၉-၈-၂၀၂၄<br>တနင်္လာနေ့ | နံနက်၀၁း၁၅နာရီ | ရင်းနက်စ် - လိုင်ယွန် | ရင်းနက်စ် ၀-၁ လိုင်ယွန်<br>လိုင်ယွန် ၂-၃ ရင်းနက်စ် |



## မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကျင်းပ၊ လုပ်ငန်း(၁၂၉)ခု မှတ်ပုံတင်ခွင့်ပြု

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ် ၂၅လမ်းနှင့်၈၂ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးများက လုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ မှတ်ပုံတင်လျှောက်ထားသောစားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းအပါအဝင် လုပ်ငန်း ၁၂၉ ခုအား မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

(ဝ၄၅)

## သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**ညောင်ဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌဦးဌေးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းအား အသင်းစာရင်းစစ်မှ အစီရင်ခံစာများ၊ ရှေ့လုပ်ငန်းစဉ်များအား ဖတ်ကြားရာ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များထံမှ သဘာပတိက အတည်ပြုချက်ရယူခဲ့ပြီး အသင်းဝင် ၂၅၀ သင်းအား အစုပေါ်ပေး ငွေကျပ် ၂၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၁)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မိတ္ထီလာ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၆ ရက် နံနက်က အဆိုပါရုံးအစည်း အဝေးခန်းမတွင် ကျင်းပခဲ့သည်။

စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကန်ကြီးကုန်းကျေးရွာနှင့် ပျော်ကုန်းကျေးရွာတို့အား ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သန်းနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၇ ရွာအား ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အား လွှဲပြောင်းပေးအပ်ခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ၄၅ ယူနစ်၊ ကျေးရွာ ၅၇ ရွာကို ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကန်ကြီးကုန်းကျေးရွာနှင့် ပျော်ကုန်းကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ထို့အပြင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာ ၉၉ ရွာ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာ ၁၇ ရွာအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**



## ကျောင်းကျန်းမာရေးအကြောင်းဟောပြော၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေး

**တံတားဦး ဩဂုတ် ၁၇**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာသက်ထွန်းအောင်က မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ သွားနှင့်ခံတွင်းရောဂါအကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား သန့်ရှင်းမှုချဆေးနှင့် သန့်စင်ခြင်း ... ချဆေးနှင့် သန်ဓာတ်အားတိုးဆေးတိုက်ကျွေးခြင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အရပ်တိုင်းပေးခြင်း၊ ကိုယ်အလေးချိန် ချိန်တွယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၀၉)**



## ပုသိမ်ကြီးမြို့နယ်အတွင်းရှိ တောင်သူများ ဈေးကွက်ဈေးကောင်းရရှိသည့် မတ်ပဲကို စိုက်ပျိုးလာ

**ပုသိမ်ကြီး ဩဂုတ် ၁၇**

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ တောင်သူများ ဈေးကွက်ဈေးကောင်းရရှိသည့် မတ်ပဲကို ယခု ဩဂုတ်လဆန်းပိုင်းမှစတင်ပြီး စိုက်ပျိုးလာကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးချိန် မိုးရွာသွန်းမှု နောက်ကျခြင်းကြောင့် မိုးစပါးစိုက်တောင်သူအချို့ မတ်ပဲကို ပြောင်းလဲစိုက်ပျိုးလာကြောင်း ပုသိမ်ကြီးမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

"ဒီနှစ် မိုးရေရရှိမှုကနည်းလို့ မိုးစပါးအစား ဈေးကွက်ဈေးကောင်းရရှိနေတဲ့ မတ်ပဲကို ပြောင်းလဲစိုက်ပျိုးနေပါတယ်။ နောက် နှံဝင်ဘာလကုန်လောက်ဆိုရင် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာနှင့် ကုလားပဲကို ထပ်မံစိုက်ပျိုးသွားမှာပါ။ သီးနှံတွေဈေးကောင်းလာသလို သွင်းအားစုတွေနဲ့ လုပ်အားခ ထယ်ထွန်ခတွေလည်း ဈေးမြင့်တက်လာပါတယ်။ ဒါကြောင့် ဈေးကွက်သေချာပြီး ဈေးကောင်းရတဲ့ သီးနှံပဲ ရွေးချယ်စိုက်ပျိုးကြပါတယ်"ဟု ၄င်းက ပြောသည်။

နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံကို တောင်သူများ အဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ကြသော်လည်း ယခုနှစ် မိုးဦး၊ မိုးလယ် မကောင်းသောကြောင့် ရေသုံးစွဲမှုများသည့် မိုးစပါးကို လျှော့ချစိုက်ပျိုးပြီး ဈေးကွက်ဈေးကောင်းရရှိကာ ရေသုံးစွဲမှုနည်းသည့် သီးနှံများကို ဒေသအလိုက် ရေရရှိမှုအပေါ်မူတည်ပြီး ပြောင်းလဲစိုက်ပျိုးလာခြင်းဖြစ်သည်။

ယခုနှစ် နွေစပါးစိုက်ပျိုးချိန် ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းကောင်းခဲ့တာကြောင့်လည်း ယခု မိုးစပါးရာသီ မိုးရွာသွန်းမှုနည်းပါးသောကြောင့် တောင်သူများ ယခုလိုပြောင်းလဲစိုက်ပျိုးလာခြင်းဖြစ်သည်။

မတ်ပဲမှာ ဩဂုတ် ၁၆ ရက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ခန့် ပေါက်ဈေးရှိနေပြီး အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကောင်းနေသောကြောင့် တောင်သူများအတွက် ဈေးကောင်းရ၊ တွက်ခြေကိုက်သည့် ပို့ကုန်သီးနှံတစ်မျိုးဖြစ်သည်။ **(ဝဲပုံ)**

လာမည့် မိုးနှောင်းကာလများတွင် မိုးရွာသွန်းမှုကောင်းလာနိုင်သောကြောင့် ဆောင်းစိုက်သီးနှံဖြစ်သည့် နေကြာ၊ ကုလားပဲများကို စိုက်ပျိုးရန် တောင်သူများ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**



## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းဟောပြော သန်းခေါင်စာရင်းကောက် ဝတ်စုံဖြင့် သရုပ်ပြ




**အမရပူရ ဩဂုတ် ၁၇**

မန္တလေး၊အမရပူရမြို့နယ်၊ ပြည်လုံးကျော်အုပ်စုတွင် ယမန်နေ့ နံနက် ၁၁နာရီက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ဟောပြောပွဲအား ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ဝတ်စုံဖြင့် သရုပ်ပြ၍ ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါအသိပညာပေး ဟောပြောပွဲတွင် သန်းခေါင်စာရင်း ဆိုင်ရာရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား ပြည်သူများကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။ဟောပြောပွဲအပြီးတွင် သန်းခေါင်စာရင်း ဆိုင်ရာ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ စာတန်းပါသန်းခေါင်စာရင်း ဦးထုပ် ၁၀ လုံးနှင့် တီရှပ်အင်္ကျီ ငါးထည်တို့အား ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)စိုးသီဟ(အမရ)**



## ဆေးရုံမိသားစုနေ့ကျင်းပ၊ လူနာများကို ထောက်ပံ့

**ပွင့်ဖြူ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ဆေးရုံများတွင် ပြည်သူများအသုံးပြုမှု ပိုမိုအားကောင်းလာပြီး ဆေးရုံများမှ ဆောင်ရွက်ပေးသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်ကျင်းပသည့် ဆေးရုံမိသားစုနေ့ (Hospital Family Day) အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က ဆေးရုံမှ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးဝါးကုသပေးမှုအခြေအနေများ၊ ကျန်းမာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ဆေးရုံကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများကိုတွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး အာဟာရဒါန စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၄၅)**

## ပို့ကုန်ရငွေဖြင့် ဓာတ်မြေဩဇာတင်သွင်းလိုသူများကို ဦးစားပေးထောက်ခံပေးမည်

ပို့ကုန်ရငွေ Export Earning အထောက်အထားပြနိုင်သည့် ဓာတ်မြေဩဇာတင်သွင်းလိုသူတွေကို သွင်းကုန်လိုင်စင်ရရှိရေး ဦးစားပေးထောက်ခံပေးသွားမည်ဖြစ်ကြောင်း ယူရီးယား မြေဩဇာဝယ်ယူ ဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လစဉ်လိုအပ်ချက် အတိုင်း တင်သွင်းနိုင်ခြင်းမရှိရင် ဓာတ်မြေဩဇာလိုအပ်ချက်တွေရှိလာပြီး တရားမဝင်ဈေးကွက်တွေဖြစ်ပေါ်လာနိုင်တာကြောင့် ပို့ကုန်ရငွေနှင့် ဆောင်ရွက်နိုင်သည့်ကုမ္ပဏီများကို ဦးစားပေးထောက်ခံပေးသွားပါမယ်"ဟု ၄င်းက ပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းရန် လျာထားလျက်ရှိသည်။

ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင် ၄ လအတွင်း မြေဩဇာတန်ချိန် ၉ သိန်းခွဲကျော်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၃၀၀၀ ကျော်အတွက် သွင်းအားစုတွေ တင်သွင်းသည့် ကုမ္ပဏီအလိုက် လိုင်စင်ရရှိရေးအတွက် ဦးဆောင်ကော်မတီက ထောက်ခံပေးခဲ့သည်။

ကုမ္ပဏီများ၏တင်ပြချက်အရ ဇူလိုင် ၂၂ ရက်အထိ ဓာတ်မြေဩဇာအတွက် လိုင်ဝင်ရပြီး တန်ချိန် ၆ သိန်းကျော်အနက် တန်ချိန် ၄ သိန်းကျော် တင်သွင်းထားပြီး ဖြစ်သည်။

ထုတ်ပြန်ထားသည့် မြေဩဇာရည်ညွှန်းဈေးတွေမှာ ယခု ဩဂုတ် ၁၅ ရက်မှာ သက်မှတ်ကာလပြည့်ပြီဖြစ်တာကြောင့် ထပ်မံသတ်မှတ်ရန် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လပိုင်းအတွင်း မိုးရွာသွန်းမှုတွေကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည့် ဒေသများအတွက် ပြန်လည်စိုက်ပျိုးနိုင်ရေး မြေဩဇာအသင်းဝင်ကုမ္ပဏီများကလိုအပ်သည့် ဓာတ်မြေဩဇာများကို သက်သာဈေးနှုန်းဖြင့် ပံ့ပိုးပေးသွားမည် ဖြစ်သည်။

ယင်းသက်မှတ်ဈေးနှုန်းများမှာ ယူရီးယားတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှင့် ၁၃ ပတ်လည် ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

မိုးစပါးစိုက်ပျိုးချိန်ဖြစ်တာကြောင့် ယခုအချိန်တွင် ဓာတ်မြေဩဇာလိုအပ်ချက် အမြင့်ဆုံးအချိန်ဖြစ်ကြောင်း သိရသည်။

**(အောက်ဝဲပုံ)(ရွှေမန်း)**






## မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်ပနိုင်ငံ(၄၃)နိုင်ငံသို့ ချောပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့် လက်ခံပေးပို့နိုင်

**မန္တလေး ဩဂုတ် ၁၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်ပ(၄၃)နိုင်ငံသို့ ချောထုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် လက်ခံပေးပို့နိုင်ပြီဖြစ်သည်။ ပေးပို့နိုင်သည့်နိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ချက်၊ ဒိန်းမတ်၊ ဖင် လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ဂျော်ဒန်၊ ကိုရီယား၊ လာအို၊ မလေးရှား၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ အိုမန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ပေါ်တူဂီ၊ ရုရှား၊ စင်ကာပူ၊ ဆော်ဒီအာရေးဗီးယား၊ စပိန်၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ထိုင်း၊ ထိုင်ဝမ်၊ တူရကီ၊ ယူအေအီး၊ အင်္ဂလန်၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။

ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ပေးပို့သော ၂ ကီလိုဂရမ်အထိ ချောထုပ်များအား အထူးသက်သာသောနှုန်းထားများဖြင့် ပို့ဆောင်နိုင်ကြောင်း ဖုန်း- ၀၉-၇၆၅၄၃၇၇၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၀၄၅)**

## အခြေခံကဗျာ ရေးစပ်နည်းသင်တန်း(အခမဲ့) ဖွင့်လှစ်

**တံတားဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မြို့နယ်လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းသား၊ ကျောင်းသူများအား အခြေခံကဗျာရေးစပ်နည်းသင်တန်း(အခမဲ့) ဖွင့်လှစ်ခြင်းကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် တံတားဦးမြို့နယ်ပြန်/ဆက်ဌာနမှ ဦးစီးအရာရှိ ဦးဘိုမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် စာရေးဆရာ ကိုရင်ထွန်းလွင်(သမန်းကန်)က ကဗျာရေးစပ်နည်းနှင့်ပတ်သတ်ပြီး အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

လွတ်လပ်ကာရန်ကဗျာနှင့် ကာရန်မဲ့ကဗျာတို့သည် တစ်မျိုးတည်းဖြစ်ပါကြောင်း၊ ကဗျာရေးစပ်ခြင်းသည် ကာရန်ချိတ်ဆက်ရန်လိုအပ်ပါကြောင်း၊ ခေါင်းစဉ်နှင့် မိမိရေးသားသည့်အကြောင်းအရာ ကိုက်ညီမှုရှိရမည်ဖြစ်ကြောင်း၊ ကဗျာတွင် ခေါင်းစဉ်ပါရှိရမည်ဖြစ်ပြီး စကားလုံးကန့်သတ်ထားရှိခြင်းမရှိကြောင်း စာရေးဆရာ ကိုရင်ထွန်းလွင် (သမန်းကန်)ထံမှ သိရသည်။ အဆိုပါသင်တန်းကို နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ အခမဲ့ဖွင့်လှစ်သင်ကြားခဲ့ပြီး တံတားဦးမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်

**(အပေါ်ဝဲပုံ)**
**(၄၀၉)**

*– *–*–*–*

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သဏ္ဍာရာဇ်များ (၈၃)

သွယ်အောင်



ကျွန်တော်၊ အောင်ဘညို၊ နေမျိုး သုံးယောက်ပေါင်းပြီး (ကိုနေအောင်) ဆရာပိုင်စိုးဝေနှင့် 'ကမ်းပါးမရှိတဲ့ မြစ်တစ်စင်း' အင်တာဗျူးဆောင်းပါး ရေးကြစဉ်ကာလကို ပြန်တွေးကြည့်မိတော့ လွမ်းမောစရာ အလွန်ကောင်းလှသည်။

ကျွန်တော်တို့တစ်တွေ မနက်ခင်းပိုင်း လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။ မွန်းတည့်ချိန်ကျော်၍ နေစောင်းသွားချိန် ညနေပိုင်းတွင် လေးယောက်သား 'စည်တယ်ဟေ့ စည်တယ်ဟေ့…ရီဝေဝေ' ညနေခင်းများကို ပျော်ရွှင်စွာ ဖန်တီးကြသည်။

ကျွန်တော်တို့လူငယ်များက အဖြူရည်လေး ဝင်သွားလျှင် သွေးဆိုးချင်ကြသည်။ ဆရာပိုင်စိုးဝေက သွေးမဆိုးသည့်အပြင် ခါတိုင်းထက် ပို၍ နူးညံ့ပျော့ပျောင်းသွားသည်။ ပြုံးရောင်သန်းနေ သောမျက်နှာလေးဖြင့် သိမ်မွေ့စွာ ကျွန်တော် တို့ကို ဆက်ဆံသည်။

ဖြေ ➢ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ တစ်ခါတလေ အရက်သောက်တဲ့အခါ သောက်လိုက်၊ ဟိုလူ ဒီလူဆီက ပိုက်ဆံချေးတဲ့အခါချေးလိုက်၊ သားကျွေးမှု မယားကျွေးမှုအတွက် ရုံးသွားလိုက်၊ သောကြာနေ့ညနေခင်းတွေမှာ လွတ်လပ်ပေါ့ပါးပစ်လိုက်၊ တနင်္လာနေ့ မနက်ခင်းကျတော့ ထိုင်းမှိုင်းတွေဝေလိုက်၊ သိက္ခာတရားတွေအတွက် အရှက်ရတဲ့အခါ ကိုယ့်ကိုယ်ကို အဖတ်ဆယ်ဖို့ ကြိုးစားလိုက်၊ အဲဒီလိုကြိုးစားရင်း ထပ်ပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ရတဲ့အခါဖြစ်လိုက်၊ ပြက္ခဒိန်နှစ်တစ်နှစ် ကုန်ခါနီးလာတဲ့အခါ စိတ်အားတက်ကြွပျော်ရွှင်မှုတွေ ပြည့်ဝလာလိုက်၊ တစ်ခါတလေ အယ်ဒီတာတွေကို မကျေမနပ်ဖြစ်တဲ့အခါဖြစ်လိုက်၊ တစ်ခါတလေကဗျာတွေ ကို မကျေမနပ်ဖြစ်တဲ့အခါ ဖြစ်လိုက်နဲ့ပေါ့လေ။ မိမိကိုယ်မိမိ ထင်ပေါ်ကျော်ကြားရေးအတွက် ဆရာမွေး၊ တပည့်မွေးနဲ့ ဝေဖန်ရေး အတုတွေကို မတုံ့ပြန်မိအောင် ချုပ်တည်းရင်း ငါ့မြင်း ငါ့စိုင်း စစ်ကိုင်းရောက်ရောက်ဆိုတဲ့ စာပေလောကရဲ့ အမြီးအမောက်မတည့်မှုတွေကြားမှာ ပိုင်စိုးဝေဆိုတာ ငါပဲကွ၊ ငါပဲကွ ဆိုပြီး ကဗျာရေးဖို့ မကြိုးစားဘဲ သဲအိတ်ကိုသာ လက်သီးနဲ့ထိုးထိုးပြီး ကိုယ့်စိတ်ကိုဖြေရရဲ့။

ကဗျာတစ်ပုဒ်ဟာ အယ်ဒီတာတွေကို ဖြတ်သန်းမိပြီးမှ စာဖတ်ပရိသတ်ဆီ ရောက်ရတယ်ဆိုတဲ့ သဘာဝရဲ့လွဲမှားမှုဟာ ကြည်လင်သန့်ရှင်းပြီးသား သောက်ရေတစ်ခွက်ကို အက်ဆစ်ခတ်ပါတဲ့ ရေစစ်တစ်ခုနဲ့စစ်ချပြီး သောက်နေရတာနဲ့လည်း တူတယ်။ အမိအဖဆီက အလိုလျောက်ရရှိနိုင်မယ့် အမွေအနှစ်ကို ရှေ့နေဆီကတစ်ဆင့် လက်မှတ် ရေးထိုး၊ စာချုပ်ချုပ်နေရတာနဲ့တူတယ်။ လူတိုင်းအတွက် ရည်စူးထားတဲ့ သဘာဝတရားရဲ့စွန့်ကြဲမှုကို ခိုးယူသိမ်းဆည်းထားခြင်းခံရတာနဲ့လည်း တူတယ်။

ကဗျာကိုမရွေးဘဲ လူကိုသာရွေးတယ်တဲ့ လူမွေး အယ်ဒီတာတွေအကြောင်း ပြောရမှာကတော့ ကျဉ်းလည်းကျဉ်းမြောင်း၊ အော့နှလုံးနာစရာလည်း ကောင်းလွန်းလို့ အကျယ်ချဲ့ မပြောလိုတော့ပါဘူး။ ခင်ဗျားဟာ ခင်ဗျားသာ ခံစားနားလည်လိုက်ပါတော့၊ ခက်တာက အဲဒီလိုလူတွေဟာ မဂ္ဂဇင်းတစ်ခုမှာ မဟုတ်၊ နောက်တစ်ခုမှာ အယ်ဒီတာဖြစ်နေတတ်ပြန်ရော။ အင်း… အဲဒါလည်းပဲ သဘာဝတရားရဲ့ လွဲမှားမှုပဲလားတော့ မသိတော့ပါဘူးဗျာ။

မေး ➢ ဝတ္ထုတိုတွေအကြောင်း နည်းနည်းမေးချင်ပါတယ်။ ဆရာရေးတဲ့ဝတ္ထုတွေထဲက ဇာတ်ကောင်တွေဟာ တစ်စုံတစ်ရာဆီကနေ ထွက်ပြေးနေတတ်ကြတယ်။ လက်ထပ်ခါနီးဆဲဆဲ မိန်းမတစ်ယောက်ဆီက၊ အမှန်တရားဆီက၊ မိသားစုဘဝထဲက၊ လက်တွေ့ဘဝထဲက၊ ချုပ်တည်းမှု လွင့်မျောနေတဲ့ စိတ်ရဲ့ လက်တွေ့ရုပ်ဘဝဆီက စသည်ဖြင့်ပေါ့ လေ။ အဲဒီလို ထွက်ပြေးနေတဲ့အတွက် စာဖတ်သူ ဟာ အမှန်တရားကို ပြန်လည်ရရှိနိုင်ပါ့မလား။ ငတ်မွတ်နေတဲ့မေတ္တာတရားကို ပြန်လည်ရရှိနိုင်ပါ့မလား။

ဖြေ ➢ ဇာတ်ကောင်တစ်ယောက်ဆီကတစ်ဆင့် စာရေးဆရာက စာဖတ်သူကိုပေးချင်တဲ့ ဒဿနဟာ တစ်ခါတစ်ခါ ပြောင်းပြန်တွက်ချက်ယူတာ မျိုးရှိတယ်။ ကျွန်တော်ရေးတဲ့ဝတ္ထုထဲက ဇာတ်ကောင်တွေဟာ တစ်စုံတစ်ရာဆီကနေ ထွက်ပြေးနေတတ်ကြတာ မှန်ပါတယ်။ ဒါမှမဟုတ် ထွက်ပြေးဖို့ ကြိုးစားနေတတ်ကြတယ်ပေါ့။

ဘဝဆိုတာ ဒီလိုပဲပေါ့လေ။ သိပ်ပြီး မြင့်မြတ်ပါတယ်ဆိုတဲ့ လူတွေရဲ့ စိတ်ကူးစိတ်သန်းဟာ တစ်ခါတစ်ခါ ထဘီလှန်းတဲ့ ကြိုးတန်းတွေအောက် ရောက်ချင်လည်း ရောက်နေတတ်ကြတာပဲ မဟုတ်လား။ ကျွန်တော်ရည်ရွယ်တာက အဲဒီထွက်ပြေးသွားတဲ့ ဇာတ်ကောင်တွေက ထားရစ်ခဲ့တဲ့အမှန်တရား၊ ငတ်မွတ်ခေါင်းပါးနေတဲ့ ချစ်ခြင်းမေတ္တာ၊ ကျန်ရစ်ခဲ့ရတဲ့ မိန်းမတစ်ယောက်၊ မွန်းကျပ်တဲ့ ဘဝ၊ အလိုမပြည့်ဝတဲ့စိတ်ရဲ့ ပြိုကွဲမှု စတာတွေ ကို စာဖတ်သူက ရရှိစေချင်လို့ပါ။

လူတစ်ယောက်ကို ခံစားမှုတစ်ခုပေးတယ်ဆိုတာ ရုပ်ဝတ္ထုပစ္စည်းတစ်ခုပေးတာနဲ့ မတူပါဘူး။ ခံစားမှုကို ပေးတာချင်း အတူတူမှာတောင် ကလေးတစ်ယောက်ကို တုတ်နဲ့ရိုက်ပြီး နာကျင်မှုကိုပေးတဲ့ ခံစားမှုလူတစ်ယောက်ကို မြှောက်ပင့်ပြောဆိုပြီး ကျေနပ်နှစ်သိမ့်မှုပေးတဲ့ ခံစားမှုတွေနဲ့ အနုပညာတစ်ရပ် ဖန်တီးပြီး ရသပါတဲ့ခံစားမှုကိုပေးတာ မတူနိုင်ပါဘူး။

အနုပညာတစ်ရပ်ရဲ့ခရီးဟာ အကောင်အထည်မဲ့တဲ့စိတ်ရဲ့သွင်ပြင်တွေကို ဖြတ်သန်းရခြင်းပါ။ ဝတ္ထုထဲကဇာတ်ကောင်တွေဟာ အမှန်တရားကို လက်ခံသိမ်းဆည်းသူလည်း ဖြစ်ချင်ဖြစ်မယ်။ အမှန်တရားကို စွန့်ပစ်ကျောခိုင်းသူလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ စာဖတ်သူကတော့ အမှန်တရားကို စွန့်ပစ်ကျောခိုင်းသွားတဲ့ဇာတ်ကောင်ကို ဒေါမနဿပွားရင်း အမှန်တရားကို သူ့ရင်ထဲမှာ သိမ်းဆည်းမြှုပ်နှံမယ်။ စွန့်ပစ်ကျောခိုင်းခြင်းခံရတဲ့ မိန်းမတစ်ယောက်ကို ကရုဏာပွားမလား၊ စွန့်ပစ်ကျောခိုင်းသွားတဲ့ ယောကျ်ားတစ်ယောက်ကို အားကျမိမလား၊ မေတ္တာတရားကို ပေးအပ်ဖို့ အကောင်းဆုံးပုံပြင်ဆိုတာ မေတ္တာကင်းမဲ့နေသူတွေအကြောင်းပဲဖြစ်လိမ့်မယ်။

နောက်တစ်ချက်က ကျွန်တော်ဟာ လွန်ကဲတဲ့ ခံစားမှုဝါဒီတစ်ဦးများဖြစ်နေမလား မသိဘူး။ စာတစ်ပုဒ်ကို သင်ခန်းစာပေးဖို့ထက် လွန်လွန်ကဲကဲ ရေးမိတတ်တယ်။

မေး ➢ လူတစ်ယောက်ဟာ သမုဒ္ဒရာကြီးရဲ့ကမ်းစပ်ကို ရပ်မိတဲ့အခါ သမုဒ္ဒရာကြီးရဲ့ အစိတ်အပိုင်းတစ်ခုမျှသာပါ။ ဒီလိုပဲ လူတိုင်းလူတိုင်းဟာ ဘဝအပေါ် ကိုယ်မြင်တွေ့ရတဲ့ ရှုထောင့်ကလေးက နေပြီး ဘဝရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုနေတတ်ကြတယ်။ တကယ်တမ်းကျတော့ လူတစ်ယောက်ချင်းဆီက ဖွင့်ဆိုတဲ့ ဘဝအဓိပ္ပာယ်ဟာ ဘယ်တော့မှ မပြည့်စုံနိုင်ပါဘူး။ 'မွေးနေ့'ဝတ္ထုတိုထဲက ဇာတ်ကောင်ဟာ ဘဝနဲ့ပတ်သက်ပြီး အဲဒီလို သုံးသပ်ခဲ့တယ်နော်။ နောက်ပြီး အဲဒီဝတ္ထုထဲက ဇာတ်ကောင်ဟာ တောင်တန်းတစ်ခုပေါ်သွားရောက်ပြီး မိမိမွေးနေ့ကို မိမိဘာသာတစ်ယောက်တည်း ကျင်းပခဲ့တယ်။ ဘဝဆိုတာ နောက်ဆုံးတော့ ဘာမှမဟုတ်ပါဘူး။ အားလုံးဟာ အမေ့ခံကြရမှာပဲ။ အဲဒီလိုလည်း သုံးသပ်ခဲ့တယ်။ အဲဒီတော့ ဆရာ…အဲဒီဝတ္ထုထဲက ဇာတ်ကောင်ရဲ့အပြုအမူ အနေအထိုင်မျိုးကို နှစ်သက်ပါသလား။ အဲဒီဝတ္ထုထဲက အတွေးအခေါ်မျိုး ရှိပါသလား။ အဲဒီဝတ္ထုထဲက အတွေးဟာ နောက်ဆုံးတော့ ဘာမှမဟုတ်ပါဘူးဆိုတဲ့ နတ္ထိဝါဒဆန်မနေဘူးလား။ နတ္ထိဝါဒကို ဆရာ လက်ခံပါသလား။

ဖြေ ➢ ဟုတ်ကဲ့၊ အဲဒီဝတ္ထုထဲက ဇာတ်ကောင်ရဲ့ အပြုအမူ အနေအထိုင်မျိုးကို ကျွန်တော်နှစ်သက်တယ်။ အဲဒီအတွေးအခေါ်မျိုး ကျွန်တော်မှာ ရှိတယ်။ အဲဒီဝတ္ထုဟာ နတ္ထိဝါဒကို ရည်ညွှန်းတာပဲ။ နတ္ထိဝါဒကို ကျွန်တော်လက်ခံတယ်။ ကျွန်တော် ဘာတွေပဲ ကြီးကျယ်တာ လုပ်ခဲ့လုပ်ခဲ့၊ နောင်လာမယ့် အနှစ်တစ်သိန်း၊ အနှစ်တစ်သန်း ကာလတွေမှာ ပိုင်စိုးဝေဆိုတာ ဘယ်သူရှာလို့ တွေ့နိုင်တော့မှာလဲ။ ကျွန်တော်တို့ ရပ်တည်အမှီပြုနေရတဲ့ ကမ္ဘာကြီးဆိုတာကတော့ကော…။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပေါက်ကွဲပျက်စီးမသွားနိုင်ဘူးလို့ ဘယ်သူတာဝန်ယူမှာလဲ။

မေး ➢ ဟုတ်ပါပြီဆရာ၊ ဆရာ အဲဒီလို ယုံကြည်တဲ့အတွက် အခြားလူတွေကိုလည်း အဲဒီလို ယုံကြည်စေတဲ့အတွက် အကျိုးတရားက ဘာလဲ။ ဘာတွေများ အကျိုးရှိစေနိုင်မှာလဲ။

ဖြေ ➢ အဲဒီလို ယုံကြည်တဲ့အတွက် အနည်းဆုံး မိမိအသက်ရှင်ရပ်တည်နေစဉ်ကာလအတွင်းမှာ ရိုးသားစင်ကြယ်မှု ရဲရဲဝံ့ဝံ့ ယုံကြည်တဲ့လူတစ်ယောက်ဖြစ်နိုင်တာပေါ့။ ဘဝဆိုတာ ဘာမှမဟုတ်ဘူး။ ဘာမှလိမ်ညာနေဖို့ မလိုဘူးဆိုတဲ့ အတွေးပေါ့။


ကိုယ်ရေးထားတဲ့စာတွေ မကောင်းပါဘဲနဲ့ ကောင်းလှချည့်ဆိုပြီး လာချီးကျူးနေခြင်းကို လည်း သာယာမှုမရှိဘဲ ဥပေက္ခာပြုနိုင်မယ်။ အခြားလူတွေရေးထားတဲ့ မကောင်းတဲ့စာတွေကိုလည်း ကောင်းလိုက်တာလို့ လိမ်ညာချီးကျူးနေတဲ့ အလုပ်ကို စက်ဆုပ်ရကောင်းမှန်း သိလာမယ်ပေါ့။

ကျွန်တော်တို့တစ်တွေမေးခဲ့သော မေးခွန်းများအပေါ် အားတက်သရောဖြေကြားပေးခဲ့သော ဆရာပိုင်စိုးဝေ၏အဖြေများကို အားရကျေနပ်နေမိပြီး ဆရာ့ကို ကဗျာဆရာ၊ စာရေးဆရာတစ်ယောက်ဆိုသည့် အတိုင်းအတာထက် ရိုးသားမှု အရှိဆုံး အဖြူအစင်ဆုံး လူသားတစ်ယောက်အဖြစ် ပို၍ လေးစားချစ်ခင်နေမိတော့သည်။



# စာအုပ်စင်ကဏ္ဍ

## ပွင့်သောပန်းတိုင်းလှ၍ လှသောပန်းတွေ မွှေးပါစေ




စာရေးဆရာ ဝင်းသိင်္ဂီနွယ် (သာသနဓဇမွှာစရိယ) B.A (မြန်မာ) ရေးသားထားတဲ့ ပွင့်သောပန်းတိုင်းလှ၍ လှသောပန်းတွေ မွှေးပါစေ အမည်ရှိ ဓမ္မ၊ သုတ၊ ရသ ဆောင်းပါးများ စာအုပ် ထွက်ရှိထားပါတယ်။ ဒီစာအုပ်ကို ရွှေဝက်ဝံစာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ်တန်ဖိုး ငွေကျပ် ၈၀၀၀ သတ်မှတ်ထားပါတယ်။

ဒီစာအုပ်မှာ ဓမ္မ၊ သုတ၊ ရသ ဆောင်းပါး ၂၇ ပုဒ် ပါဝင်ပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝက အမှာမိတ်ဆက်လွှာ၊ ဒေါက်တာအရှင်ခေမိန္ဒာ (ချယ်ရီမြေ)က ဥယျာဇနကထာတိုက်တွန်းလွှာနှင့် ဆရာမောင်မြတ်(ချောက်)က မုဒိတာအမှာ ရေးသားပေးထားပါတယ်။ ဒီစာအုပ်မှာ စာဖတ်သူတွေ အသိပညာဗဟုသုတ ပေးလိုသောစေတနာဖြင့် ရေးသားထားတဲ့ ဓမ္မအကြောင်းကို သုတ၊ ရသနှော၍ လူတိုင်းဖတ်ရလွယ်ကူသောရေးဟန်ဖြင့် ရေးသားထားတဲ့ ဓမ္မ၊ သုတ၊ ရသ ဆောင်းပါးတွေကို ဖတ်ရှုရမယ့် စာအုပ်တစ်အုပ် ဖြစ်ပါတယ်။

## ပုံတူအမြန်ရေးဆွဲနည်း




ဆရာ ကိုရင်ကျော် ဘာသာပြန်ရေးသားထားတဲ့ ပုံတူအမြန်ရေးဆွဲနည်းစာအုပ် ထွက်ရှိလာပြီးဖြစ်ပါတယ်။ ဒီစာအုပ်ကို ရွှေဝက်ဝံစာပေက ထုတ်ဝေတာဖြစ်ပြီး တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားပါတယ်။

ဒီစာအုပ်က Miss Led, a.k.a. Joanna Henly ပြုစုတဲ့ Portrait Drawing စာအုပ်ကို မြန်မာမှုပြုထားတာဖြစ်ပြီး ပုံတူပန်းချီရေးဆွဲလိုသူတွေအနေနဲ့ စာအုပ်ပါနည်းလမ်းတွေကို အသုံးပြုပြီး ရေးဆွဲပါက အကျိုးကျေးဇူး တစ်စုံတစ်ရာရရှိစေဖို့ ရည်ရွယ်တာဖြစ်တယ်လို့ ဆရာ ကိုရင်ကျော်က ပြောပါတယ်။

ဒီစာအုပ်ထဲက နည်းလမ်းအတိုင်း ကိုယ်တိုင်လေ့လာ ပုံတူပန်းချီရေးဆွဲကြည့်ပါက အချိန်တိုအတွင်း မယုံကြည်နိုင်လောက်အောင် တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

ဒီစာအုပ်ထဲမှာ မျက်နှာအစိတ်အပိုင်းတစ်ခုချင်းစီ ရေးဆွဲနည်း အသေးစိတ်ကို ဖော်ပြထားပြီး စာရေးသူကိုယ်တိုင် လက်တွေ့စမ်းသပ်ပြီး လူတိုင်းနားလည်လွယ်အောင် ရေးသားထားတဲ့ ပုံတူဆွဲနည်း လေ့လာလိုသူတွေ ဖတ်သင့်တဲ့ စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါတယ်။

## လျှံရေ




ကဗျာဆရာ ကောင်းနဲ့ ရေးသားထားတဲ့ လျှံရေ အမည်ရှိ ဂန္တဝင်ကဗျာစာအုပ် ထွက်ရှိထားပါတယ်။ ဒီစာအုပ်ကို ရွှေဝက်ဝံစာပေက ထုတ်ဝေတာဖြစ်ပြီး စာအုပ်တန်ဖိုး ငွေကျပ် ၇၀၀၀ သတ်မှတ်ထားပါတယ်။

လျှံရေ ကဗျာစာအုပ်မှာ ဂန္တဝင်ကဗျာ (၁၀၀) ပါဝင်ပြီး ဆရာကြီး ချစ်စုအောင်၏ မုဒိတာ၊ ဆရာကြီး ဇေယျာဘုန်းမြင့်၏ အမှာစာ ရေးပေးထားတာ တွေ့ရပါတယ်။

လျှံရေ ဆိုတဲ့ ကဗျာစာအုပ် နာမည်က ရိုးရှင်းပေမယ့် လှလှပပ၊ ထိထိမိမိ၊ ငြိအောင် ရေးဖွဲ့ထားတဲ့ ဂန္တဝင်ကဗျာတွေ ပါဝင်တဲ့ ကဗျာစာအုပ်တစ်အုပ် ဖြစ်ပါတယ်။

**သီဟကိုကို**

# ရုပ်ရှင်ကဏ္ဍ

## မီး

**ရုပ်ရှင်အကျဉ်း**

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ခပ်ကြမ်းကြမ်း အချစ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် "မီး" ရုပ်ရှင်ဇာတ်ကားကြီးကို ပြသနေပါပြီ။




ဇာတ်ကားထဲမှာ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် ခင်ဝင့်ဝါ၊ ပိုးမမှီသာ၊ နေဝင်း၊ အေးချမ်းမောင်နှင့်သရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားတဲ့ အချစ်ဇာတ်ကားကြီးဖြစ်ပါတယ်။

"မီး" ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ မီးပွားက လူငယ်သဘာဝ အပြိုင်အချစ်ဇာတ်လမ်းကို ရိုက်ကူးပုံဖော်ထားပြီး မင်းသားနှစ်ယောက်ရဲ့ ခပ်ကြမ်းကြမ်း သရုပ်ဆောင်ချက်များစွာကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။

"မီး"ဆိုတဲ့အတိုင်း လောဘကြောင့်ပဲလောင်လောင်၊ အချစ်ကြောင့်ပဲလောင်လောင်၊ ခပ်ကြမ်းကြမ်း လောင်မြိုက်ရတဲ့ အချစ်ဇာတ်လမ်းတွေကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက် "မီး" ဇာတ်ကားကြီးကတော့ ကြည့်ရှုဖို့ကောင်းတဲ့ဇာတ်ကားဖြစ်ပြီး မန္တလေးမြို့မှာဆိုရင်တော့ Win Lite, Point, Mingalar Cinema Central point, Mingalar Masoeyein Complex, Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

**ရွှက်နုဝေ**





ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စာပေမြင့်တင်ရာ မန္တလေးနေ့စဉ်သတင်းစာ

* လုမ်းမဝေးသို့
မန္တလေးမြို့ ၊ တွေးလို့မျှော်ရည်
သတင်းစာတိုက်
မှူခင်းဖြာမြိုက် ၊ သာလိုက်မြန်ပြည်
နေ့စဉ်ထမ်းရွက်
မွေ့ဆင်မြန်းလျက် ၊ လွှမ်းထက်ဂုဏ်တည်
ခေတ်ရည်လေ့
လုစ်ထွေပွေ့ ရွှေပေ့တန်ဖိုးမည် ။

* ကောင်းပေစာကျူး
နှောင်းလေကြာမြူး ၊ သာထူးမြိုင်စေ
ထုံခရေသင့်
ခြုံသတွေးချင့် ၊ ပေးဆင့်ဂုဏ်ဝေ
ကြာပန်းစံလျက်
ဖြာလွှမ်းကန်ထက် ၊ မှန်ဆက်ဖြာပေ
လှဆောင်တင့်
မြရောင်ဝင့် ၊ ခေါင်ဆင့်ဖြန့်ချိနေ ။

* တွေးကဗျာညွန်း
ရေးသဖြာမွှန်း ၊ သာယွန်းဂုဏ်အင်
ညီတူဆက်မြန်း
ကြည်ဖြူလက်ကမ်း ၊ တက်လှမ်းအစဉ်
မြတ်ဘိဂုဏ်လှ
တတ်သိခြံကြြ ၊ ထုံသရေးဆင်
ရေးမှုထုံး
ရေးကူသုံး ၊ တူရှန်းပြုံးပျော်ရွှင် ။

* လူမျိုးဂုဏ်တင့်
ထူတိုးပုံဆင့် ၊ ထုံဝင့်ဆောင်စွာ
ရေးခြစ်မော်ကွန်း
တွေးဆစ်ပေါ်ထွန်း ၊ ကျော်ယွန်းမြန်မာ
ညီညာပေါင်းဖက်
သီကာနှောင်းလျက် ၊ သောင်းထက်ဝဌာ
မနေနား
မျှဝေပွား ၊ စေပါးများသူငါ ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## သတင်းပဒေသာ

### ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ဩဂုတ် ၁၃ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကျောင်းပေါင်းစုံမှ ပဏာမအားကစားသမားများ ရွေးချယ်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် တိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းသားအားကစားပွဲတော်အတွက် အရည်အချင်းပြည့်မီသော ထူးချွန်အားကစားသမားများ စေလွှတ်နိုင်ရေး မြို့နယ်အဆင့် လူရွေးပွဲအတွက် ကျောင်းပေါင်းစုံမှ ပဏာမအားကစားသမားများ လူရွေးချယ်ခြင်းအဖြစ် အားကစားပြိုင်ပွဲများကို ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီတွင် အမှတ်(၂)ရပ်ကွက် မြောက်ခေတ္တရာရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်ရေးရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား အသိပညာဗဟုသုတတိုးပွားရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းစံမြို့ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ အ·လ·က(ခွဲ)စည်ပင်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်စုံပြီး အသိပညာဗဟုသုတများ ပြည့်ဝစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဒက္ခိဏဈေးအတွင်း ဈေးသည်များကို ဖြန့်ဝေခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ဗိုလ်မင်းရောင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရ ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲနှင့် ပြိုင်ပွဲများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျောင်းစာသင်ဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရားဝင်းအတွင်းရှိဓမ္မာရုံကြီး အသစ်ပြန်လည်တည်ဆောက် ပန္နက်တင်မင်္ဂလာကျင်းပ



**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၂၉လမ်းနှင့် လမ်း၃၀ကြား ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ရှင်ဘို့မယ်မိဖုရားကြီးတည်ထားကိုးကွယ်ခဲ့သော ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရားဝင်းအတွင်း အင်ဂျင်နီယာ ဦးခင်+ဒေါ်ကြင်မေ မိသားစုမှ ၁၂၉၉ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သော ဓမ္မာရုံကြီးသည် ဟောင်းနွမ်းနေပြီဖြစ်၍ မူလကုသိုလ်ရှင်၏ (သမီး)ဒေါ်ယဉ်ယဉ်မှ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းကုသိုလ်ပြုမည်ဖြစ်၍ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီက ဘုရားရင်ပြင်တွင်ကျင်းပရာ ရှင်ဘို့မယ်ဘုရား ဩဝါဒါစရိယ ဆရာတော်များကြွရောက်ပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြည်ညိုကာ ဆရာတော်ကြီးထံမှ သီလခံယူပြီး လှူဖွယ်ပစ္စည်းများလှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေခဲ့ကြသည်။ ထို့နောက်ဆရာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခဲ့ကြသည်။

ထို့နောက်မင်္ဂလာအချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် သတ်မှတ်နေရာအသီးသီးတွင် ဩဝါဒါစရိယဆရာတော်များနှင့် မူလကုသိုလ်ရှင်၏ (သမီး)ဒေါ်ယဉ်ယဉ်မှ ပန္နက်ရိုက်ပေးခဲ့ပြီး ဆရာတော်များက အမွေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

(အပေါ်ဝဲပုံ)(၀၄၅)

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း၊ ငါးရံမင်းပရိတ်ရွတ်ဖတ်

**ရေနံချောင်း ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ငါးရံမင်းပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၆နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တရေဝတအရှင်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ဖတ်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဆရာတော်များထံမှ ငါးရံမင်းပရိတ်တော်နှင့် မိုးကမ္ဘဝါကြီးပရိတ်တရားတော်များက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားဟောကြားခြင်း၊ ရေစက်သွန်းချအမျှဝေခြင်း ဆောင်ရွက်ခဲ့ပြီး ဝတ်အသင်းများမှ ၃ ချိန်ခွဲ၍ ငါးရံမင်းပရိတ်တော်နှင့် မိုးကမ္ဘဝါကြီးတို့အား ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)



## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)စာတမ်းဖတ်ပွဲ ကျင်းပမည်



**မန္တလေး ဩဂုတ် ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ၁၃၈၅-၁၃၈၆ ပညာသင်နှစ် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် UniversityDevelopment Program အရ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာနက ဦးဆောင်ကျင်းပသည့် ExploringthePath:An InsightInto BuddhistEth စာတမ်းဖတ်ပွဲကိုတက္ကသိုလ်တွဲနှင်းသဘင်ခန်းမတွင် ဩဂုတ် ၂၇ ရက် နံနက် ၇နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသွားမည် ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ M.A(I),M.A(II),Thesis(I), Thesis(II) အတန်းစုံမှ စာတမ်း ၈ စောင် ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)

## (၁၂၀)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဩဂုတ် ၁၇**

စိန်ညီအစ်ကို စေတနာသွေးလှူရှင်အဖွဲ့မှ ဦးတင်မျိုးဦး(လူမှုထူးချွန်ပထမအဆင့်)သည် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ခုတင် ၅၅၀ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် ကလေးဆေးရုံကြီး သွေးလှူဘဏ်ခွဲတွင် (၁၂၀)ကြိမ်မြောက်အဖြစ် ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၄၁)

**မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။**

# နေပြည်တော် ပုဂံဘုရားများသို့ တစ်ခေါက်

နေပြည်တော် ပုဂံဘုရားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်စုကျေးရွာရှိ သိမ်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ တည်ရှိသည်။ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(အငြိမ်းစား)နှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မိသားစုက မိဘနှစ်ပါးအားရည်စူး၍ ရှေးမူမပျက် မွမ်းမံပြင်ဆင်၍ (၅-၄-၂၀၁၃)ရက်တွင် ရွှေထီးတော်တင်လှူပူဇော်ခဲ့သည်။ ညောင်ပင်ကြီးစုကျေးရွာအနီးတစ်ဝိုက်ရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများသည် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ဝန်းကျင်တွင် လွန်ခဲ့သည့်နှစ်ပေါင်း (၁၆၅)နှစ်ခန့် ကုန်းဘောင်ခေတ်လယ် ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်က ရှမ်းလူမျိုးများ တည်ထားကိုးကွယ်ခဲ့ကြောင်း ဒေသခံများ ပြောကြားချက်အရ သိရသည်။

ဘုရားစေတီများတွင် ၁၂၀၀ ပြည့်နှစ်တည်ဟု မှတ်တမ်းရေးထိုးထားသည်ကို တွေ့ရှိခဲ့ကြသဖြင့် ရှေးဟောင်းအဆောက်အအုံများ တည်ဆောက်ကာလအဖြစ် သတ်မှတ်ခဲ့ကြောင်း ရှမ်းလူမျိုးများတည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုရာတွင် ၎င်းရှေးဟောင်းအဆောက်အအုံများတည်ရှိရာ ကျေးရွာတစ်ဝိုက်တွင် ရှမ်းလူမျိုးတို့၏ ဓလေ့အငွေ့အသက်ကို တွေ့မြင်ရခြင်း၊ သိမ်ကျောင်းအနီးတွင် သိုက်နန်းရှင်မလေးစောနန်းဝေ နတ်နန်းကိုတွေ့ရခြင်း၊ ၎င်းနတ်နန်းတွင် ရှမ်းလူမျိုးများ အိုးစည်ဗုံမောင်းဖြင့် ပူဇော်ကြခြင်းနှင့် ရှမ်းဆရာတော်သီတင်းသုံးသည်ကို တွေ့ရှိရခြင်းတို့ကြောင့် ဖြစ်သည်။ ၎င်းစေတီများသည် ပျူခေတ်ကာလကတည်းက တည်ခဲ့သည်ဟု ဒေသခံများက ယုံကြည်ကြသည်။ ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာဝင်များ သဒ္ဓါတရားဖြင့် လှူဒါန်းခဲ့သော ရှေးဟောင်းသာသနိကအဆောက်အအုံများ နေပြည်တော်နှင့်ဝန်းကျင်ဒေသတွင် အတိတ်ကာလတစ်ခုဆီမှ ယနေ့ကာလတိုင် ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပြန့်ပွားခဲ့ကြောင်း မော်ကွန်းသက်သေပြနေသည်။ ညောင်ပင်ရကျေးရွာအုပ်စုရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှေး



ဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ရှေးမူမပျက် ထိန်းသိမ်းလျက်ရှိရာ လာရောက်ဖူးမြော်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**မောင်ပြည်သူ(မန္တလေး)**

# လေးလေးစားစားအရေးထား မေတ္တာပွားကြပါ

**ကိုကိုပံ့သု(ပခုက္ကူတက္ကသိုလ်)**

ယနေ့ကမ္ဘာမှာ တွေ့လာမြင်လာသမျှတွေဟာ သခ်ါရပါလို့ ပြောကြဆိုကြ ဟောပြောကြတာတွေကို အားလုံးက သိနေမြင်နေကြားနေကြရမှာပါ။ လူ့ဘဝက သိပ်တိုပါတယ် (Life is too short) လို့လည်း ပြောကြပြန်ပါတယ်။ လူ့ဘဝကို ရလာဖို့ အင်မတန် ခက်ခဲပါတယ်လို့လည်း ပြောကြတယ်။ သမုဒ္ဒရာရေမျက်နှာထက် တစ်ခဏတက်သည့် ရေပွက်ပမာ တစ်သက်တာလို့လည်း ဆိုကြပြန်ပါတယ်။

အထက်ပါ ဖော်ပြချက်အားလုံးဟာ အမှန်တရားတွေသာ ဖြစ်ပါတယ်။ စိတ်ကူးသွယ်သွယ် ရှုထောင့်အဖုံဖုံ၊ ခံယူချက်မျိုးစုံနဲ့ ပြောကြဆိုကြတာပါ။ အရေးအကြီးဆုံးကတော့ တိုတောင်းကာလလူ့ဘဝမှာ တစ်ခဏရောက်လာ သတ္တဝါတို့ စိတ်အေးချမ်းသာကျန်းမာရွှင်ပြ ချစ်ချစ်ခင်ခင် ထာဝရအစဉ် ရှိနေစေချင်တာပါ။ လူသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု လူမျိုးတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ အပြန်အလှန်လေးစား ချစ်ချစ်ခင်ခင် နေထိုင်သွားကြရင် အကောင်းဆုံးပါ။ တစ်ဦးရဲ့ သဘောထားကို တစ်ဦးက လက်ခံ တစ်ဦးဆန္ဒကို တစ်ဦးက သဘောတူ၊ တစ်ဦးရဲ့အယူအဆကို တစ်ဦးက နားလည်ပြီး ဆန္ဒတူ အကျိုးတူခံစားနိုင်ကြရင် အကောင်းဆုံး ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာမှာလည်း တစ်ဦးနဲ့တစ်ဦး လူမျိုးတစ်စုနဲ့တစ်စု တိုင်းသားပြည်သူ လူသူအချင်းချင်း၊ ညီညွတ်မှု လေးလေးစားစား ချစ်ချစ်ခင်ခင် ရှိနေကြပါမှ အဆိုပါနိုင်ငံတော်ကြီးဟာ တည်ငြိမ်အေးချမ်းမည်။ ဖွံ့ဖြိုးတိုးတက်မည်။ ဝပြောစည်ပင်မည် ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းဟာ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးလိုကြပါတယ်။ တိုးတက်ချင်ကြပါတယ်။ အေးအေးချမ်းချမ်း နေထိုင်လိုကြပါတယ်။ သဘာဝဘေးအန္တရာယ်တွေက ကင်းဝေးလိုကြပါတယ်။ ကပ်ရောဂါဆိုးတွေက လွတ်မြောက်လိုကြပါတယ်။ အထူးသဖြင့် ယနေ့ချိန်ခါမှာ လူတိုင်းလူတိုင်း နိုင်ငံတိုင်းမှာ ကြုံတွေ့နေခဲ့ကြရတဲ့ ရောဂါဆိုးများနဲ့ ကင်းဝေးလိုကြပါတယ်။ ကူးစက်ရောဂါပိုး တွေ့ရှိသူတွေ၊ အသက်ဆုံးရှုံးရသူတွေ၊ သံသယလူနာတွေ စတဲ့ သတင်းတွေ ကြားနေမြင်နေ တွေ့နေခဲ့ရတော့ စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရပါတယ်။

တစ်မြေထဲမှာနေ တစ်ရေထဲသောက်ခဲ့ကြသူတွေ၊ အမိတစ်ဝမ်းထဲက မွေးလာကြတာ မဟုတ်ပေမယ့် အခုအချိန်မှာ စေတနာအပြည့်အဝနဲ့ ကူညီထောက်ပံ့တဲ့သူတွေ။ စာနာစိတ် ကရုဏာစိတ်နဲ့ အားပေးကြသူတွေ။ မိမိအပေါ်မှာ ကျရောက်လာမယ့်အန္တရာယ်ကို အလေးမထား ကိုယ်ကျိုးမဖက် စေတနာသက်သက်နဲ့ မိမိအသက်ကို ပဓာနမထားဘဲ စိတ်အားတက်ကြွစွာ တာဝန်ယူနေကြတဲ့ ကျန်းမာရေးဌာနက ဆရာဝန်၊ ဆရာဝန်မကြီးတွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ။ ပရဟိတလုပ်ဆောင်နေကြသူတွေ စီမံအုပ်ချုပ်ရေး တာဝန်ရှိသူများ အားလုံးကို အထူးလေးစားလျက်ပါ။

နိုင်ငံတော်အစိုးရရဲ့ စနစ်တကျ စီမံခန့်ခွဲမှု သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနအသီးသီးက ကြီးကြီးငယ်ငယ် တာဝန်ရှိကြသူများအား လေးစားလျက်ပါ။ မိမိတို့ရဲ့ စေတနာသဒ္ဓါတရား ထက်သန်စွာ ကူညီထောက်ပံ့ လှူဒါန်းကြသူများအားလုံးကိုလည်း လေးစားအားထား ဂုဏ်ယူလျက်ပါ ခင်ဗျား။

အခုလို အချိန်အခါမျိုးမှာ အများသူငှာ ဘေးဒုက္ခတွေ ဝေနေတဲ့ အချိန်မှာ လူတချို့ရဲ့ ဇာတိရုပ်ဟာ မျက်ဝါးထင်ထင် ပေါ်လွင်လာတတ်ပါတယ်။ မကောင်းတဲ့ စရိုက်လက္ခဏာတွေ (ဥပမာ-အတ္တလွှမ်းမိုးတဲ့စိတ်။ လောဘခက်ထန် ဒေါသမာန်တက်ကြွနေတဲ့စိတ်) စတာတွေက ပေါ်လွင်လာပါတော့တယ်။

လူအမျိုးမျိုး စိတ်အထွေထွေ ဆိုတာလိုပေါ့။ စရိုက်အမျိုးမျိုး၊ ပင်ကိုယ်စိတ်ကအဖုံဖုံ ရှိနေတာကိုလည်း တွေ့ရကြုံရ သိနေရတော့ အတွေးလှဆရာတော်ရဲ့ "လူဆိုတာဘာလဲ" ဆိုတဲ့ စာကြောင်းလေးများကို သတိတရ ဖော်ပြလိုက်ပါတယ်။

လူဆိုတာ - တန်ဖိုးရှိလာလေ၊ တိတ်ဆိတ်လေပဲ<br>
တန်ဖိုးမဲ့လေ၊ ဆူညံလေပဲ<br>
လူဆိုတာ - မြင့်မြတ်လာလေ၊ တည်ငြိမ်လာလေပဲ<br>
ယုတ်နိမ့်လာလေ၊ ဗရုတ်ကျလေပဲ<br>
လူဆိုတာ - သီလရှိလာလေ၊ စကားနည်းလေပဲ<br>
သီလမဲ့လေ၊ စကားများလေပဲ<br>
လူဆိုတာ - အမှားနည်းလေ၊ တည်ငြိမ်အေးချမ်းလာလေပဲ<br>
အမှားများလေ၊ ဖုံးဖိနေရလေပဲ<br>
လူဆိုတာ - အလိုနည်းလေ၊ မိတ်ဆွေပေါလေပဲ<br>
အလိုကြီးလေ၊ ရန်သူပေါလေပဲ<br>
လူဆိုတာ - အတ္တနည်းလေ၊ မျက်နှာချိုအေးလာလေပဲ<br>
အတ္တကြီးလေ၊ ခက်ထန်လာလေပဲ<br>
လူဆိုတာ - စိတ်ထားကောင်းလေ၊ ခွင့်လွှတ်နိုင်လေပဲ<br>
စိတ်ထားပုပ်လေ၊ အငြိုးအာဃာတကြီးလေပဲ

ဒီတော့ဗျာ၊ ဒီနေ့ ဒီအချိန်ခါမှာ တွေ့လာမြင်လာသမျှကိုတော့ တတ်နိုင်သရွေ့ အကောင်းမြင်စိတ်နဲ့ ကြည့်ကြဖို့တော့ လိုအပ်ပါတယ်။ အရာရာကို သည်းခံစိတ်နဲ့နေကြဖို့ လိုအပ်ပါတယ်။ သည်းခံခြင်းဆိုတာ ရှုံးနိမ့်ခြင်းမဟုတ်ပါ။ အနိုင်ယူခြင်းသာ ဖြစ်တယ်လို့သာ ခံယူကြရမှာပါ။ လောကကြီးအလယ်မှာ နေထိုင်ကြတဲ့အခါ တစ်ဦးတစ်ယောက်ထဲ နေထိုင်ကြတာမဟုတ်တဲ့အတွက်ကြောင့် သည်းခံခြင်းဆိုတာက အရေးကြီးဆုံးပါ။ အများနဲ့ဆက်ဆံတဲ့အခါမှာ အရေးကြီးဆုံး ဂုဏ်တစ်ရပ်ဟာ သည်းခံခြင်းပါပဲ။ လူသားတို့၏ပျော်ရွှင်မှု၊ အေးချမ်းမှု၊ သာယာမှု စတာတွေကို ဖျက်ဆီးတဲ့အရာ ပျက်စီးစေတဲ့အရာတွေဟာ အဓိကအားဖြင့် (၃)မျိုး ရှိတယ်ဆိုတာ မှတ်သားရပါတယ်။

၁။ အဆိုးမြင်တဲ့စိတ်

၂။ သံသယဖြစ်တဲ့စိတ်

၃။ မနာလိုဝန်တိုတဲ့စိတ် တို့ဖြစ်ကြပါတယ်။

အရာရာကို အဆိုးမြင်တဲ့စိတ်ဆိုတာ လူသားအချင်းချင်း ဆက်သွယ်ပေါင်းသင်းကြရာမှာ ပျော်ရွှင်မှုတွေကို ဆုံးရှုံးစေပါတယ်။ ဥပမာ- တစ်စုံတစ်ယောက်ကို စည်းကမ်းလိုက်နာစေချင်လို့၊ တာဝန်ကျေပွန်စေချင်လို့ ဆုံးမသည်ကိုလည်း နာခံသင့်ပါသည်။ သို့သော် လိုအပ်လို့ဆုံးမတာကို အကောင်းမမြင်ဘဲ အဆိုးမြင်သူနဲ့ ကြုံခဲ့ဖူးပါတယ်။ သူ့အတွက် ပြောတာလား ကိုယ့်အတွက်ပြောတာလားဆိုတာကို နှစ်ဖက်မျှမတွေးဘဲ ဆုံးမသူကို ပြုံးမပြဘဲ အမုန်းစကားနဲ့ တုံ့ပြန်ပြီး ရန်သူလိုသဘောထား လူယုတ်မာတစ်ယောက်လို သဘောထား စော်ကားမော်ကား လုပ်နေသူကို တွေ့ရပြန်တော့ စိတ်လက်မကြည်မသာ ဖြစ်ရပြန်ပါတယ်။ ဒီမှာတင်ပဲ လူသားတို့၏ ပျော်ရွှင်မှုတွေဟာ ဆုံးရှုံးကြရပါတော့တယ်။ အထူးသဖြင့် ဆရာတွေဟာ တပည့်တွေကို မကောင်းမြစ်တား ကောင်းရာညွှန်လပ် ဆုံးမနေကြသူတွေသာ ဖြစ်ပါတယ်။

နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍ ကြိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့ ဆိုသည်ကိုလည်း သိမှတ်ကြစေချင်ပါတယ်။ ဆရာတို့က တပည့်များကို မဖြစ်သင့် မလုပ်သင့်တာ မလုပ်ဖို့ရာကိုတော့ ဟန့်တားကြရ ဆုံးမကြရမှာ ဆရာကောင်းတို့၏ တာဝန်သာ ဖြစ်ပါတော့တယ်။

သံသယစိတ်ဟာလည်း အင်မတန်ကြောက်စရာ ကောင်းလှပါတယ်။ ဒီလူဟာ ငါ့ကိုဒုက္ခပေးတော့မှာ၊ ငါ့ဘဝကို ပျက်အောင်လုပ်တော့မှာ။ ငါ့ကိုရန်ပြုတော့မှာ စတဲ့ သံသယစိတ်တွေ ဝင်လာပြီဆိုရင်တော့ လူ့အသိုက်အဝန်းမှာ ပျော်ရွှင်မှုအေးချမ်းမှုဆိုတာ ပျောက်ကွယ်မှုရဲ့ လမ်းစသာ ဖြစ်ပါတယ်။

မနာလိုစိတ်ဆိုတာကတော့ လူမှုဆက်ဆံရေးကို ပြိုကွဲအောင်ပြုလုပ်နိုင်တဲ့ အကြီးမားဆုံးသော လက်နက်ကြီးတစ်ခုဖြစ်ပါတယ်။ ကိုယ့်ထက်သာ မနာလိုတဲ့စိတ်ဟာ အဆိုးရွားဆုံးပါ။ ဥပမာ- တစ်စုံတစ်ယောက်ဟာ မိမိကိုယ်တိုင် ရိုးရိုးသားသား ကြိုးစားအားထုတ်ခဲ့လို့ ကြီးပွားချမ်းသာနေတာ လူချစ်လူခင်ပေါများနေတာ။ ချစ်သူခင်သူနဲ့ အဆင်ပြေနေတာ။ ပညာရေးမှာလည်း အောင်မြင်လို့ ဘွဲ့တွေအလီလီရနေတာ စတာတွေကို မနာလိုဝန်တို ဖြစ်နေတဲ့သူကိုလည်း ကြုံတွေ့ဘူးပါတယ်။

တခါတစ်ရံမှာတော့ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်၊ အကြံအစည်မျိုး ပြုလုပ်တာလည်း တွေ့နေရပါသည်။ တစ်စုံတစ်ယောက်ကို မတဲ့တာနဲ့ သူနဲ့ပတ်သက်သူတွေကို ဒုက္ခရောက်အောင်ကြံစည်တာ ဖိအားပေးတာမျိုးလည်း ကြုံရဘူးပါတယ်။ မလုပ်သင့်မလုပ်ထိုက်၊ မကြံစည်အပ်တာတွေကို ကြံစည်နေသူ သူတစ်ပါးအကျိုးစီးပွားပျက်ပြားအောင် ကြံဆောင်သူများကိုလည်း တွေ့နေရပါတယ်။ ဒါကြောင့်လည်း မြတ်ဗုဒ္ဓက "အသေဝနာစ ဗာလာနံ" လူမိုက်ကိုမပေါင်းရလို့ ဟောဖော်ပြခဲ့တာပါ။

နိဂုံးချုပ်တင်ပြရသော် ရတောင့်ရခဲ လူ့ဘဝထဲမှာ လူသားအချင်းချင်း လေးလေးစားစား ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နေကြစေချင်ပါတယ်။ လူသားအချင်းချင်း ထောက်ထားညှာတာ စာနာစိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်များ ထားရှိကြပါ။ အဆိုးမြင်တဲ့စိတ်၊ သံသယစိတ်၊ မနာလို ဝန်တိုစိတ်များ မထားကြဘဲ အချင်းချင်း လေးစားချစ်ခင် ပျော်ရွှင်စွာ နေထိုင်ကြရန် ရည်သန်သမှုအာရုံပြုလိုက် ရပါတယ်။ "လေးလေးစားစား အရေးထားလို့ မေတ္တာပွားကြပါ" ဟူ၍သာ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၆၇) ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသူရကျော် (ဘ)ဦးကျော်သန်း(၉/ခမစ(နိုင်)၀၂၈၀၄၁) အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ် (ရေ+မီးမီတာ အပါအဝင်) နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးကျော်သက်ထွန်း (ဘ)ဦးမြင့်ကျော်(၉/ပဘန(နိုင်)၂၁၅၅၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဗဗ-၃/၇၁)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၃၁၀၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ကြည် အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးတင်ဝင်းထွန်း (ခ)ရာကျေ့စ် (ဘ)ဦးဟာရီထံ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၃၉လမ်းနေ ဒေါ်သန္တာစန်း (ဘ)ဦးဉာဏ်ဝင်း (၉/ခမစ(နိုင်)၀၃၉၉၈၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်အမှတ်(၅၆)၏ မြောက်ဘက်အစွန်ဆုံးအခြမ်း၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေကွက်အား ဒေါ်သန္တာစန်းသည် ယခုလက်ရှိ အမည်ပေါက်သူထံမှ တရားဥပဒေနှင့်အညီ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်ဖြင့်လည်းကောင်း ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အထက်ပါမြေကွက်အား ဒေါ်သန္တာစန်း ကိုယ်တိုင်မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ လှူဒါန်းခြင်း၊ ဦးပိုင်ခွဲခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ကြပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ – |
|---|---|
| ဒေါ်သန္တာစန်း(ဘ)ဦးဉာဏ်ဝင်း | ဒေါ်သီတာဝင်း(ဥပဒေဘွဲ့) |
| ၉/ခမစ(နိုင်)၀၃၉၉၈၄ | တရားလွှတ်တော်ရှေ့နေ |
| ၅၃လမ်းနှင့်၅၄လမ်းကြား၊ | (စဉ်-၉၅၁၆/၁၃) |
| ၁၃၉လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ | အကွက်(ငင-၁)၊ ဦးပိုင်(၁၈)၊ |
| မန္တလေးမြို့။ | ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ |
| | မန္တလေးမြို့။ ဖုန်း ၀၉-၉၆၈၈၉၀၁၁၁ |

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၁၄-အ/၃)၊ ၁၂လမ်း၊ ၈၆လမ်းနှင့် ၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ရွှေ (၁၃/သပန(နိုင်)၀၃၁၂၅၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၇)၊ ဦးပိုင်အမှတ်(၁-၃+၁-ဗ)၊ ၁၁လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်လှလှကြူ (၉/မနမ(နိုင်)၀၀၆၃၃၁)က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မြေငှားဂရန် ဦးပိုင်ခွဲ ကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | လျှောက်ထားသူ အမည်/မှတ်ပုံတင် | လျှောက်ထားသည့်မြေ မြို့နယ် | ကျေးရွာအုပ်စု | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင်အမှတ်/မြေကွက်အမှတ် | ဧရိယာ (ဧက) | လျှောက်ထားသည့်အကြောင်းအရာ | အမှုတွဲအမှတ် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၁ | ၀.၁၇၉ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၁၉၈/၂၀၂၄-၂၀၂၅ |
| ၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၂ | ၀.၁၁၈ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၁၉၉/၂၀၂၄-၂၀၂၅ |
| ၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၃ | ၀.၁၄၁ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၀/၂၀၂၄-၂၀၂၅ |
| ၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၄ | ၀.၁၃၃ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၁/၂၀၂၄-၂၀၂၅ |
| ၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၆ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၂/၂၀၂၄-၂၀၂၅ |
| ၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၇ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၃/၂၀၂၄-၂၀၂၅ |
| ၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၈ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၄/၂၀၂၄-၂၀၂၅ |
| ၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၉ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၅/၂၀၂၄-၂၀၂၅ |
| ၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၁၀ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၆/၂၀၂၄-၂၀၂၅ |
| ၁၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၁၁ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၇/၂၀၂၄-၂၀၂၅ |
| ၁၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၁၂ | ၀.၁၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၈/၂၀၂၄-၂၀၂၅ |
| ၁၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၉/၁/၁၃ | ၀.၁၂၆ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၀၉/၂၀၂၄-၂၀၂၅ |
| ၁၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၄ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၀/၂၀၂၄-၂၀၂၅ |
| ၁၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၅ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၁/၂၀၂၄-၂၀၂၅ |
| ၁၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၆ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၂/၂၀၂၄-၂၀၂၅ |
| ၁၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၇ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၃/၂၀၂၄-၂၀၂၅ |
| ၁၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၈ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၄/၂၀၂၄-၂၀၂၅ |
| ၁၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၉ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၅/၂၀၂၄-၂၀၂၅ |
| ၁၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၀ | ၀.၀၈၃ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၆/၂၀၂၄-၂၀၂၅ |
| ၂၀။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၁ | ၀.၀၇၈ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၇/၂၀၂၄-၂၀၂၅ |
| ၂၁။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၂ | ၀.၀၇၈ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၈/၂၀၂၄-၂၀၂၅ |
| ၂၂။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၃ | ၀.၀၈၃ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၁၉/၂၀၂၄-၂၀၂၅ |
| ၂၃။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၄ | ၀.၀၈၃ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၀/၂၀၂၄-၂၀၂၅ |
| ၂၄။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၅ | ၀.၀၇၈ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၁/၂၀၂၄-၂၀၂၅ |
| ၂၅။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၆ | ၀.၀၇၈ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၂/၂၀၂၄-၂၀၂၅ |
| ၂၆။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၈ | ၀.၀၈၃ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၃/၂၀၂၄-၂၀၂၅ |
| ၂၇။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၂၀ | ၀.၀၇၈ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၄/၂၀၂၄-၂၀၂၅ |
| ၂၈။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၁/၉ | ၀.၁၀၅ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၅/၂၀၂၄-၂၀၂၅ |
| ၂၉။ | ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၀/၁၀ | ၀.၀၉၇ | မြေငှားဂရန်၊ ဦးပိုင်ခွဲ | ၂၂၆/၂၀၂၄-၂၀၂၅ |

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY-2024)သို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY-2024)သို့ တက်ရောက်စဉ်။


**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ကျင်းပခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ် (International Military Technical Forum) (ARMY-2024) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နိုင်ငံတကာ စစ်ဘက်နည်းပညာဖိုရမ်(International Military Technical Forum) (ARMY-2024)ဖွင့်ပွဲ အခမ်းအနားနှင့် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ Vladimir Putin က ဗီဒီယိုကွန်ဖရင့်ဖြင့် မိန့်ခွန်းပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြား၍ Army Forum 2024 ကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ဖိတ်ကြားထားသော ကုမ္ပဏီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာပြခန်း အသီးသီးတွင် ပြသထားသည့် စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေ၊ ထုတ်လုပ်ထားရှိသည့် စစ်လက်နက်ပစ္စည်းများ၏ စွမ်းဆောင်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စစ်လက်နက်ပစ္စည်းများ၊ စစ်သုံးယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် Army 2024 ဖိုရမ် ပြခန်းများ ခင်းကျင်းပြသထားမှုကို ဒုတိယနေ့အဖြစ် သွားရောက်ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် ခေတ်သစ်စစ်ပွဲတွင် အသုံးပြုနေသည့် သတင်းလုံခြုံမှုစနစ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ Drone နှင့် Anti Drone နည်းပညာဆိုင်ရာ ပစ္စည်းများ၊ အဆင့်မြင့်ထုတ်လုပ်ထားသည့် လက်နက်/ ခဲယမ်းဆိုင်ရာပစ္စည်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြခန်းအတွင်း ပြသထားသည့် တိုက်ခိုက်ရေးယာဉ်များ၊ စစ်လက်နက်ပစ္စည်းများ၊ UAV နှင့် Drone များကို ကြည့်ရှုလေ့လာခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့ ရုရှားကာကွယ်ရေးဝန်ကြီး မစ္စတာ အန်ဒရီဘီလူဆော့ဗ် (Mr. Andrei Belousov)နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကာကွယ်ရေးဝန်ကြီး မစ္စတာ အန်ဒရီဘီလူဆော့ဗ် (Mr. Andrei Belousov)နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆိုင်ရာ နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး၊ ပညာတော်သင် သင်တန်းသားစေလွှတ်ရေးနှင့် မြန်မာနိုင်ငံနှင့်ဒေသတွင်း လတ်တလော ဖြစ်ပေါ်နေမှုအခြေအနေတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်တွင် မြန်မာသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီး၊ စစ်သံမှူး(ကြည်း၊ ရေ၊ လေ)နှင့် သံရုံးဝန်ထမ်းများ၊ စစ်သံရုံးမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အားပေးနှုတ်ဆက်၍ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံး မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့ ကူဘင်ကာဒေသတွင် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် Army 2024 ဖိုရမ်တွင် ခေတ်မီနည်းပညာဆိုင်ရာ ပြခန်းပေါင်း ၁၅၀၀ ကျော် ပြသခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဆင့် ၂၁ ဦး အပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပရီးမီးယားလိဂ်ရာသီအစ ပွဲစဉ်တွင် လီဗာပူး၊ အာဆင်နယ်၊ အက်စတွန်ဗီလာတို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့




ဝုဖ်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အာဆင်နယ်အသင်းသားများ အောင်ပွဲခံနေစဉ်။

**လန်ဒန် ဩဂုတ် ၁၇**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ်(၁)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက လီဗာပူးအသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက အစ်ဆွစ်ချ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ ပွဲစဉ်တွင် ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းမှ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသော်လည်း ဒုတိယပိုင်းပွဲကစားချိန်တွင် လီဗာပူးအသင်းအတွက် အနိုင်ရရှိစေမည့် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၀မိနစ်တွင် ဂျိုတာ၊ ပွဲချိန် ၆၅မိနစ်တွင် ဆာလာတို့က သွင်းယူခဲ့ပြီး ရာသီအစ ပွဲစဉ်မှာ လီဗာပူးအသင်းက အစ်ဆွစ်ချ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ရာသီအစ အဖွင့်လှခဲ့သည်။

မြန်မာစံတော်ချိန် ည ၈နာရီ ၃၀မိနစ်က အာဆင်နယ်အသင်းနှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းက ဝုဖ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၅မိနစ်တွင် ဟာဗက်ဇ်၊

**စာမျက်နှာ ၁၀ သို့** ❖